# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်**

**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၅.၇၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူတွေကတော့-

(၁) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၁၁ ရက်၊

(၂) တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့်(ခ)ဦးအောင်ပွင့် ခွင့် ၅ ရက်၊

(၃) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

(၄) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၃ ရက်၊

(၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁၂ ရက်၊

(၇) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၈) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၉) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၁၀) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၁၁) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၁ ရက်၊

(၁၂) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်အေး ခွင့် ၁ ရက်၊

(၁၃) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၁၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၂ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁ ရက်၊

(၁၆) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်နှင့်

(၁၇) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၇ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၁၈ ဦး ရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၇ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၈ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို

လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြား ခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

## နိုင်ငံတော်၏ ဘဏ္ဍာငွေများစွာ ကုန်ကျခဲ့သော ပုံညာရထား ဥမင်ကြီးအား ကားဥမင်အဖြစ် အသုံးပြု နိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ယဉ်မင်းလှိုင်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မကတော့ ဂန့်ဂေါမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင် ဖြစ်ပါတယ်။ ကျွန်မရဲ့မဲဆန္ဒနယ်က ပုံညာတောင်ရထားဥမင်ကြီးကို အများပြည်သူအကျိုးစီးပွားအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ ကားဥမင်အဖြစ်အသုံးပြုရန် လွှဲပြောင်းပေးရန်အစီအစဉ်ရှိ/မရှိ မေးခွန်းကို အပြုသဘောဆောင်ပြီး မေးမြန်းမှာဖြစ်ပါတယ်ရှင်။ ၃-၆-၂၀၁၆ ရက်နေ့က ဒီဥမင်ကြီးပါတဲ့ လမ်းအပိုင်းမှာ ရထားပြေးဆွဲရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက ပြည့်စုံစွာရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ ဒီအဖြေတွေထဲမှာ ဘူမိဗေဒအစီရင်ခံစာအရ ရထား အူချောင်းနှင့်အပြိုင် ပြတ်ရွေ့ကြောများရှိနေခြင်း၊ ပြင်ဆင်ရမည့်ကုန်ကျစရိတ်ဟာ များပြားလွန်းပြီး ရထားကရငွေနှင့်နှိုင်းယှဉ်ပါက အရှုံးခံပြေးဆွဲနေရခြင်းအပြင် အဓိကအကျဆုံးကတော့ စီမံကိန်း အသစ်တစ်ခုလုပ်သကဲ့သို့ ကုန်ကျမည်ဖြစ်သော်လည်း ပြတ်ရွေ့ကြောများကြောင့် မြေပြိုခြင်း၊

လျှော့ကျခြင်းများ ဆက်လက်ဖြစ်ပေါ်နေမည်ဖြစ်၍ ငွေကုန်ပြီးတော့ အကျိုးရှိနိုင်မှာမဟုတ်ကြောင်းကို သိရှိရပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မဲဆန္ဒနယ်က ပြည်သူလူထုဟာ ဒီရထားလမ်းကြီးဖောက်လုပ်ရာမှာ အသက်သွေး၊ ချွေးတို့နဲ့ဖောက်လုပ်ခဲ့ရတာလို့ ပြောရရင် မှားမယ် မထင်ပါဘူး။ တစ်အိမ်တစ်ယောက်၊ တချို့ရွာမှာ တစ်အိမ်နှစ်ယောက် နေကုန်နေခမ်း လုပ်အားပေးခဲ့ ကြရပါတယ်။ မလိုက်နိုင်ရင် လူငှားပြီးထည့်ခဲ့ကြရလို့ လယ်ယာ၊ ကျွဲ၊ နွားတွေ ရောင်းချခဲ့ကြရပါတယ်။ ဒီရထားဥမင်ကြီးဖောက်လုပ်ရာမှာလည်း သဲကား၊ ကျောက်ကားတွေ တောလမ်းမှာ မကြာခဏမှောက် ခဲ့လို့ လူ့အသက်တွေပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် ဒီရထားလမ်းကြီးနဲ့ပတ်သက်ရင် ကျွန်မတို့ ပြည်သူတွေရဲ့မျှော်လင့်ချက်ဟာ အလွန်ကြီးပါတယ်ရှင်။ ဒါပေမဲ့ ကျွန်မတို့ပြည်သူတွေအတွက် နိုင်ငံတော်မှ ဘတ်ဂျက်များစွာ ကုန်ကျခံထားတဲ့ဥမင်ကြီးကို ဒီလို ခြောက်နှစ်လုံးလုံး မည်သို့သော အသုံးပြုခြင်းမှမရှိ ရပ်နားထားမည့်အစား နောက်အမြဲပြန်ပြိုနေမယ့် ရထားလမ်းကို မဖြစ်မနေ ထပ်မံ ကုန်ကျခံဖောက်လုပ်မယ့်အစား၊ အခြားနည်းဖြင့် နိုင်ငံတော်အတွက် အသုံးပြုနိုင်ပါက များစွာအကျိုးရှိ မည်ဖြစ်ပါတယ်။ ၎င်းဥမင်ကြီးဟာ မုံရွာ၊ ကလေး၊ ဂန့်ဂေါ အဝေးပြေးလမ်းမကြီးမှ အရှေ့ဘက်ထိပ် ဟာ ခြောက်ဖာလုံ၊ အနောက်ဘက်ထိပ်ဟာ နှစ်ဖာလုံသာ ကွာဝေးပါတယ်။ ပုံညာတောင်ပေါ်လမ်းဟာ အကွေ့အကောက်များတဲ့ တောင်ပတ်လမ်းဖြစ်ပြီး မိုးရာသီမှာ မကြာခဏတောင်ပြိုပြီးတော့ လမ်းပိတ် ဆို့မှုဖြစ်တတ်ပါတယ်။ အရင်နှစ်ကဆိုရင် ကလေးနယ်ကခရီးသည်တင်ကားတစ်စီး ပေ ၁၀၀ ခန့်ရှိ ချောက်ထဲကျလို့ အသက်ဆုံးရှုံးမှုများ ရှိခဲ့ပါတယ်။ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ တမူးနယ်ရှိ အဝေးပြေးကားများပါ မှီခိုအသုံးပြုရတဲ့ကားလမ်းလည်း ဖြစ်ပါတယ်။ နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းစရိတ် များစွာအသုံးပြုထိန်းသိမ်းနေရတာဖြစ်ပါတယ်။ အကယ်၍များ တစ်မိုင်ကျော် သာရှည်လျားတဲ့ ရထားဥမင်ကြီးကို ကားလေးများသာဖြစ်စေ၊ တစ်လမ်းမောင်းဖြစ်စေ ပြင်ဆင် အသုံးပြုခွင့်ရမည်ဆိုပါက အချိန်ကုန်သက်သာပြီး ခရီးသည်များအတွက် များစွာအကျိုးရှိမည် ဖြစ်ပါ တယ်။ အခုဆိုရင် ကမ္ဘာတစ်ဝှမ်းမှာလည်း လမ်းတွေဖောက်လုပ်ရာမှာ တောင်ကိုတွေ့ရင် တောင်ပတ်လမ်းအစား ဥမင်ဖောက်ပြီး ချောက်ကိုတွေ့ရင် တံတားဆောက်လုပ် ခရီးသွားလာရေးမှာ လွယ်ကူပြီး အချိန်ကုန် သက်သာအောင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။ ရထားဥမင်နှင့် ကားဥမင် ဟာ သဘောသဘာဝ မတူညီပေမယ့် လေဝင်လေထွက်နဲ့ အလင်းရောင်ပေးတဲ့စနစ်များ ကောင်းမွန် အောင်ပြုပြင်နိုင်မယ်ဆိုရင် ကျွန်မတို့အတွက် ကားလမ်းအသစ်တစ်ခု ဖောက်လုပ်ပေးသလို အကျိုးရှိ

နိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ဘဏ္ဍာငွေများစွာ ကုန်ကျခဲ့သော ပုံညာရထားဥမင်ကြီး အား ကားဥမင်အဖြစ် အသုံးပြုနိုင်ပါရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒီအစည်းအဝေးမှာ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်ရဲ့ ၃-၆-၂၀၁၆ ရက်နေ့တုန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ မေးမြန်းခဲ့ပါတယ်။ မေးမြန်းတဲ့အခါမှာ ဒီဥမင်ကြီး ကို ခုနတုန်းကသူပြောတဲ့အတိုင်းပဲ ပြုပြင်ရန်လည်း ခက်ခဲတယ်။ ဥမင်ရဲ့ Approach လမ်းတွေဟာ အများကြီးအခက်အခဲရှိတဲ့အတွက်ကြောင့်မို့လို့ ကုန်ကျစရိတ်တအားများပြီးတော့ Traffic Demand ပေါ့။ ပို့ဆောင်ရေးလိုအပ်ချက်က သိပ်မများတဲ့အတွက်ကြောင့် မပြင်ဘူးလို့ဖြေကြားခဲ့ပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ အခြားအစီအစဉ်ကော မရှိဘူးလားဆိုတာကို ဆက်လက်ပြီးတော့မေးမြန်းလာတာဖြစ်ပါ တယ်။ ဒါမှန်ပါတယ်။ ပိုပြီးတော့ ပြည်သူလူထုအတွက် အကျိုးရှိတာလုပ်ဖို့ရာအတွက် စဉ်းစားမေးမြန်း တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးကိုလည်း အများကြီး ကျေးဇူးလည်းတင်ပါတယ်။ ကျေးဇူးတင် ကြောင်းလည်းပဲ မှတ်တမ်းတင်အပ်ပါတယ်။ တကယ်တမ်း သို့သော် ဒီကိစ္စမှာတော့ ဒီဇိုင်းပြဿနာ လေးရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်ဒီဇိုင်းကို ပုံလေးနဲ့ရှင်းလင်းအောင် ပြချင်လို့မို့ Power Point သုံးခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ အဲဒီမှာကတော့ သူကရထားတစ်စင်းပဲ ဖြတ်လို့ရအောင်လုပ်ထားတဲ့ ဥမင် ဖြစ်ပါတယ်။ အဲဒီမှာ အောက်ခြေကြမ်းခင်းအကျယ်က ၈ ပေ ၁၀ လက်မပါ။ ဘေးနှစ်ဖက် ရေမြောင်းကတော့ မပါပါဘူး။ ဥမင်ရဲ့ခါးလယ်မှာ ၁၅ ပေ ၃ လက်မရှိပြီးတော့ အပေါ်အမြင့်ကတော့ ၁၉ ပေ ၁၀ လက်မ မြင်းခွာပုံသဏ္ဌာန် ဥမင်ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။ အဲဒီအတိုင်းပါ။ အဲဒီ အောက်ခြေကြမ်းခင်းအကျယ်က ရေမြောင်းကလည်း မထားလို့မဖြစ်ပါဘူး။ ရေဆင်းမှဖြစ်မှာမို့

လုပ်ထားတာဖြစ်ပါတယ်။ အဲဒါက ရထားစက်ခေါင်းတစ်လုံးစာပဲ လုပ်ထားတာဆိုတာကို မြင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတိုင်းဖြစ်တော့ အဓိကကတော့ အဲဒီပိုင်းမှာလည်း ပုံညာတောင်ရဲ့ ခါးလယ်ပိုင်းမှာ ရှိပြီးတော့ ဥမင်ကနေပြီးတော့ အရှေ့ဘက်မှာရှိတဲ့ကျေးရွာကို ကိုးမိုင်လောက် အဆင်းရထားလမ်းနဲ့ အနောက်ဘက်မှာရှိတဲ့ မျက်မြောင်ဆိုတဲ့ရွာကိုတော့ ခရီးမိုင် ၁၈ မိုင်ခန့် အဆင်းရထားလမ်းတွေ ဒါက ရထားလမ်းကတော့ အမှန်ပြောရင်တော့ ဒီဟာက ကမ္ဘာမှာမသုံးတဲ့ ၁း၈၀ ဆင်ခြေလျှောဆိုတာ ကမ္ဘာမှာမသုံးပါဘူး။ အင်မတန် အနိမ့်အမြင့်တော်တော်များတဲ့ လျှောစောက်နဲ့ ပြုလုပ်ထားတာ ဖြစ်ပါ တယ်။ အဲဒီမှာ ခုနတုန်းကပြောတဲ့ ဥမင်ရဲ့မြေကြီးနဲ့ လက်ရှိဆောက်လုပ်ရေးကဆောက်ထားတဲ့ ဂန့်ဂေါ- ပုလဲ ကားလမ်းရဲ့ မြေမျက်နှာပြင်အနိမ့်အမြင့် ကွာခြားချက်ကလည်း ပေ ၄၀၀ လောက် ရှိပြီး တော့ ကားလမ်းကနေပြီးတော့ ဥမင်အဝကို အတက်အဆင်းပြုလုပ်ဖို့ရာအတွက် ချဉ်းကပ်လမ်းမှာ ဖောက်လုပ်ပြီးတော့ ကုန်ကျစရိတ်တွေ ထပ်ပြီးတော့ကုန်မှာဖြစ်ပါတယ်။ ဥမင်အရှေ့နဲ့အနောက်ကို ဆက်သွယ်ထားတဲ့လမ်းကလည်းပဲ ခြောက်သွေ့တဲ့အချိန်မှာ အုပ်ချုပ်မှုများအတွက် လုပ်ထားတဲ့ ယာယီလမ်းအဆင့်သာဖြစ်ပြီးတော့ အတက်အဆင်းမတ်စောက်တဲ့အတွက်ကြောင့် ဝန်ချိန်များတဲ့ ကုန်ကားကြီးတွေ တက်/ဆင်းဖို့ရန်အတွက် အခက်အခဲရှိမှာဖြစ်ပါတယ်။ ဥမင်အဝကို အတက်အဆင်း ပြုလုပ်ရာမှာ ပုလဲ-ဂန့်ဂေါလမ်းကနေပြီး အရှေ့ဘက်ကို မိုင်ဝက်ခန့်ကားလမ်းဖောက်လုပ်ရန် လိုမှာ ဖြစ်ပါတယ်။ အဲဒီတော့ လျှိုနဲ့ချောက်ကမ်းပါးတွေပေါများတဲ့ အနောက်ဘက်ဥမင်ဝကို ဥမင်အဝင်လမ်း က ကားလမ်းကနေပြီးတော့ တစ်မိုင်ခွဲခန့်ဖောက်လုပ်ဖို့ လိုအပ်ပြီးတော့ အမြင့်ပေ ၁၀၀ အထက် လျှိုကြီးငါးခုကို တံတားထိုးပြီးဖောက်လုပ်ရမှာဖြစ်ပါတယ်။ အဲဒီနေရာမှာလည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနအနေနဲ့ တကယ်တမ်း ဂန့်ဂေါကားလမ်းလုပ်တဲ့အခါမှာ လိုအပ်တယ်ဆိုရင်တော့ ကျွန်တော် တို့ ဝန်ကြီးဌာနအနေနဲ့ ဒါက ခုနတုန်းက ဖောက်လုပ်ဖို့လိုနိုင်တဲ့နေရာလေး Dot dash ဟာ ဒါက အစိမ်းရောင်လေးဟာ ဥမင်ဖြစ်ပြီးတော့ Dot dash လေးဟာ Approach ချဉ်းကပ်လမ်းဖြစ်ပါ တယ်။ လက်ရှိအနီရောင်လမ်းက ဥမင်ရဲ့အပေါ်က မြေအမြင့်ကနေပြီးတော့ ကားကဖြတ်သွားတာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီနေရာလေးမှာ ကျွန်တော်တို့က တစ်မိုင်အတွက် လျှိုထပ်ပြီးဖောက်ဖို့ လိုပါ သလား၊ လုပ်မှာလားဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ တစ်မိုင် ကျော်ကျော်ရှိတဲ့ ကားလမ်းဥမင်ကို ဥမင်အတွင်းမှာ ကားတစ်စီးပဲသွားလို့ရတယ်။ ကားနှစ်စီးရှောင်လို့ မရဘူး။ တစ်ဖက်ကကားသွားနေရင် တစ်ဖက်က ရပ်နေရမယ်။ တစ်ဖက်နဲ့တစ်ဖက် လှမ်းလည်းမမြင် နိုင်တော့ အပြန်အလှန်သွားလို့မရဘူး။ စနစ်တကျတင်ဆောင်ခြင်းမရှိတဲ့ ကုန်ပစ္စည်းတွေတင်ဆောင်

ခြင်းမရှိတဲ့ ကားတွေကျတော့ အန္တရာယ်ကရှိနေတယ်။ ဥမင်အတွင်းကားတွေ မတော်တဆမှုဖြစ်ရင်လည်း ရှင်းရမှာ၊ ကရိန်းဝင်ဖို့ ဘာညာခက်နိုင်တယ်။ နောက်အရှေ့ဘက်ဥမင်ကနေပြီး လက်ရှိကားလမ်းနေရာသို့ အဲဒီမှာ ချဉ်းကပ်လမ်းတွေ ဖောက်ရမယ့်ပမာဏဟာ များမယ်။ တကယ်တမ်းရထားလမ်းဥမင်နဲ့ ကားလမ်းဥမင် ဒီဇိုင်းသဘောသဘာဝမတူညီတာကိုလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်းပဲ တင်ပြသွားပါတယ်။ သူကိုယ်တိုင်လည်း အင်ဂျင်နီယာဖြစ်တော့ တကယ်တမ်း ကားအသေးလေးတွေလောက် စဉ်းစားရင်ရော မရဘူးလားဆိုပြီး သူကတော့ အကောင်းဆုံး ဘယ်လိုဖြစ်နိုင်လဲဆိုတာကို စဉ်းစားသွားတဲ့အတွက်ကြောင့်မို့လို့ ကျေးဇူးတင်ကြောင်းပဲ ပြောလိုပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်လာလို့ အကူအညီတောင်းမယ်ဆိုရင်တော့ ပြည်သူလူထုအကျိုးငှာ လောလောဆယ် ရထားလမ်းမဖောက်နိုင်သေးတဲ့အတွက်ကြောင့်မို့ ရပ်နေတဲ့ဥမင်ကို ဘယ်အကျိုးရှိတဲ့ဟာလုပ်မယ်ဆိုရင် ကျွန်တော်တို့ဌာနအနေနဲ့တော့ ကန့်ကွက်စရာမရှိပါဘူးလို့ပဲ တင်ပြရင်း ပြန်လည်ဖြေကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ငမိုးရိပ်ချောင်းအတွင်း ကုမ္ပဏီတစ်ခုမှ ချောင်းအတွင်း ပိုင်ရိုက်ကာ ရေစီးကြောင်းပြောင်းစေပြီး ကမ်းနံရံချဲ့နေခြင်းကို သက်ဆိုင်ရာဌာနအနေဖြင့် ငမိုးရိပ်ချောင်း ရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့ဟာ အရှေ့ဘက်မှာ ငမိုးရိပ်ချောင်းနှင့် မြောက်ဘက်မှာ တူးမြောင်းတစ်ခုရှိပြီး နေချင်စဖွယ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒီပုံကတော့ ကျွန်တော်တို့ တောင်ဥက္ကလာပမြို့ရဲ့ ငမိုးရိပ်ချောင်းတည်ရှိတဲ့အနေအထားဖြစ်ပါတယ်။ ငမိုးရိပ်ချောင်းရဲ့ ကမ်းထိန်းနံရံတွေကို စနစ်တကျပြုပြင်တည်ဆောက်မယ်ဆိုရင် ချောင်းရဲ့သဘာဝအလှကြောင့် မြို့နယ်က ပိုမိုလှပပြီး ဈေးကွက်လည်း ပိုမိုအချက်အခြာကျလာမှာဖြစ်ပါတယ်။ တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက်နှင့်ဆက်စပ်နေသော ငမိုးရိပ်ချောင်းအတွင်းမှာ အခု ပုံမှာမြင်တွေ့နေရတဲ့အတိုင်း ကုမ္ပဏီတစ်ခုက ချောင်းအတွင်း ပိုင်များကိုရိုက်ပြီး ရေစီးကြောင်းကို

ပြောင်းလဲအောင် ပြုလုပ်ထားတာဖြစ်ပါတယ်။ အခုလိုမျိုးလုပ်ထားတဲ့အတွက် ကမ်းတစ်ဖက်မှာရှိတဲ့ ဘုန်းကြီးကျောင်းတွေ၊ အိမ်တွေက သူတို့ရဲ့ကမ်းတွေပြိုပြိုလာတယ်လို့ ကျွန်တော်တို့ကို မကြာခဏ ပြောကြားလာတဲ့အပိုင်းတွေရှိပါတယ်။ ဒီပုံတွေကတော့ ပိုင်ရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒီပုံကတော့ ပိုင်ရိုက်ပြီးနောက်ပိုင်း အုတ်ရိုးဆက်တက်ပါတယ်။ ပြီးတော့ ချောင်းအတွင်းဘက်ကို ကမ်းနံရံချဲ့တာကို ဆက်လုပ်ထားတဲ့အနေအထားဖြစ်ပါတယ်။ ထိုကဲ့သို့ ပြည်သူအများနှင့်ဆိုင်သော ငမိုးရိပ်ချောင်းနှင့် မိမိပိုင်ဆိုင်သောချောင်းကဲ့သို့ ပြုမူနေခြင်းကို ပြည်သူများမှလည်း စိတ်မချမ်းမြေ့ဖွယ်ဖြစ်နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ဥက္ကလာပမြို့မှာ မြေကွက်အလွတ်တွေလည်း ကုန်သလောက်ဖြစ်နေပါပြီ။ အခု ချောင်းထဲအထိ ချဲ့နေတယ်ဆိုတော့ ပြည်သူများ စိုးရိမ်စိတ်ဖြစ်ပေါ်နေကြပါတယ်။ သို့ဖြစ်ပါ၍ ၎င်းအခြေအနေများကို သက်ဆိုင်ရာဌာနအနေဖြင့် ငမိုးရိပ်ချောင်း ရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ အခုပဲ တင်ပြသွားတဲ့ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ ဒေါက်တာစောနိုင် တင်ပြသွားတာလည်း မှန်ပါတယ်။ Power Point လေး သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဟာ မြစ်ချောင်းများဖွံ့ဖြိုးရေး၊ မြို့ရွာများရေတိုက်စားမှု၊ ကမ်းပြိုမှုတို့မှကာကွယ်ရေး၊ ရေကြောင်းသွားလာမှု လုံခြုံချောမွေ့စေရေးဆိုတဲ့ တာဝန်သုံးခုရှိပါတယ်။ အဲဒီသုံးခုအရ ရေလမ်းထိန်းအဆောက်အအုံတွေတည်ဆောက်တယ်။ သောင်တူးတယ်။ ရေလမ်းသတ်မှတ်ပေးတယ်။ ရေကြောင်းသွားလာမှုကို အဟန့်အတားဖြစ်စေတဲ့အရာတွေကို ဖယ်ရှားတယ်ဆိုတဲ့ အလုပ်တွေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။

အဲဒီမှာ အခု သူပြောတဲ့အတိုင်းပဲ ကမ်းနားသတ်မှတ်ထားတဲ့အမိန့်ဟာ ဒီကမ်းနားနယ်ဟာ ဘာလဲဆိုတာကို ၂၀၁၃ ခုနှစ်ကတည်းက ၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက် နေ့စွဲနဲ့ ကမ်းနားလမ်း သတ်မှတ်ခြင်းအမိန့်ကြော်ငြာစာကို ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအမိန့်ကြော်ငြာစာ သီးခြား သတ်မှတ်ထားခြင်းမရှိဘူးဆိုရင်တော့ ဒီရေအမြင့်ဆုံးတက်ချိန်နှင့် မြစ်ရေရောက်ရှိတဲ့အမှတ်ကနေပြီး တော့ ကမ်းပါးကနေပြီးတော့ ပေ ၁၅၀ အထိကို ဒါဟာ ကမ်းနားနယ်အဖြစ်နဲ့သတ်မှတ်ပါတယ်။ အဲဒီမှာ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့ ဒီနှစ်၊ ဒီလထဲမှာပဲ ဒီဟာအရ ကျွန်တော်တို့ စစ်ဆေးတဲ့ အခါမှာ ချယ်ရီဥယျာဉ်အိမ်ရာဝင်းအတွင်းမှာ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းမှာ ဆောက်လုပ်နေတဲ့ ဆာကူရာထရိတ်စင်တာဟာ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် အကျိုးတူဆောင်ရွက်တယ်လို့ သိရှိရပါတယ်။ အဲဒါမှာ ငမိုးရိပ်ချောင်း မြစ်ကွေ့ရဲ့အပြင်ဘက်မှာရှိပြီးတော့ ရေတိုက်စားမှုအများဆုံး ခံရတဲ့ ကမ်းဘက်မှာ တည်ရှိတဲ့အတွက်ကြောင့်မို့လို့ ကမ်းပြို၊ ကမ်းစားမှုတွေဖြစ်ပေါ်နေတဲ့အကြောင်း ကို တွေ့ရပါတယ်။ အဲဒီ ဆာကူရာထရိတ်စင်တာကုမ္ပဏီဟာ ၈.၉၉ ဧကပေါ်မှာ မြို့ရွာနှင့် အိုးအိမ် ဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်ခွင့်ရရှိထားပါတယ်။ အဲဒီမှာ ကမ်းပြို၊ ကမ်းစားမှု ကြောင့် သူတို့ရဲ့ ကျန်တဲ့ဟာက ၈.၈၃ ဧကသာကျန်တဲ့အကြောင်းကို ဩဂုတ်လ ၃ ရက်နေ့က စစ်ဆေး တိုင်းထွာပြီးတော့ သိရှိရပါတယ်။ အဲဒီတော့ ကမ်းပြိုဖြစ်ပွားနေတဲ့ ကမ်းအရှည်ကတော့ ပေ ၄၂၀ ရှိတဲ့ အကြောင်းကို တိုင်းတာသိရှိရပါတယ်။

ဒါက နောက်က ချယ်ရီအိမ်ရာဖြစ်ပြီးတော့ ရှေ့ကတော့ ဒါ သူတို့ဆောက်ထားတဲ့ ကမ်းကာတဲ့ နံရံကို ဘယ်သူနဲ့မှ ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုလည်း ညှိနှိုင်း တိုင်ပင်ခြင်းမရှိဘူး။ အဲဒီမှာ ရှင်ဥပ္ပဂုတ္တကျောင်းဆောင်လည်း ပူဇော်ပြီးတော့ ရေကာတစ်ခုအပါအဝင် ရေကာသုံးခုနှင့် ကာကွယ်ထားပေမယ့် စနစ်မမှန်တဲ့အတွက်ကြောင့်မို့လို့ ကမ်းရင်းပေါက်ပြီးတော့ ကမ်းပြိုတဲ့ဟာ ဖြစ်ပွားခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီမှာ နောက်က ညာဘက်ပုံမှာ ဒါ သူတို့လုပ်ထားတဲ့ဟာရဲ့ နောက်ကထပ်ပြီးတော့ ကွေ့ပတ်ပြီးတော့ ကမ်းပြိုထားတယ်ဆိုတာကိုတွေ့ရပါတယ်။ စနစ်မမှန်တဲ့ အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒီမှာ ကမ်းပြိုမှုတွေ ဆက်ပြီးတော့ဖြစ်နေတဲ့အခါကျတော့ ဆာကူရာ ထရိတ်စင်တာကနေပြီးတော့ ရေထဲမှာဘိုးပိုင်များရိုက်တယ်။ ကမ်းပါးတွေမှာ ကွန်ကရစ်ပိုင်တိုင်များ ရိုက်ခြင်း၊ မျှောတိုင်များ၊ ရေကာများရိုက်ခြင်း၊ သဲအိတ်စီပြီးတော့ သဲမှုတ်ထည့်ခြင်းများကို ဆောင်ရွက် ထားတဲ့အကြောင်းကို အဲဒီနေ့ကပဲ စစ်ဆေးတွေ့ရှိခဲ့တာဖြစ်ပါတယ်။

ဒါက ထပ်ပြီးတော့ မျှောတိုင်ကမ်းထိန်းနံရံနှင့် သဲအိတ်စီကမ်းထိန်းနံရံတွေ၊ မျှောတိုင်ထိန်းနံရံတွေစိုက်ထားတယ်ဆိုတဲ့အကြောင်းကို အဲဒီမှာ ပုံမှာ တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအဖြူတွေကတော့ သဲအိတ်တွေ၊ မျှောတိုင်ထိန်းကမ်းထိန်းနံရံကို သဲအိတ်တွေစီထားတာဖြစ်ပါတယ်။ ဒါကတော့ ဒီဘက်က အဖြူကွက်ကတော့ ချယ်ရီအိမ်ရာဖြစ်ပြီးတော့ အဲဒီမှာ ကာထားတဲ့ပုံတွေရဲ့ ဆောင်ရွက်ထားတဲ့ဧရိယာပြမြေပုံဖြစ်ပါတယ်။ အဲဒီလို ကမ်းထိန်းလုပ်ငန်းဆောင်ရွက်ခြင်းက အိမ်ရာပိုင်မြေတွေကို မဆုံးရှုံးရေးအတွက် ရည်ရွယ်ဆောက်ရွက်ခြင်းဖြစ်ပေမယ့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ခွင့်ပြုချက်၊ သဘောထားမှတ်ချက်၊ နည်းပညာအကူအညီ ဘာမှမတောင်းဘဲနဲ့ သူ့အစီအစဉ်နဲ့ သူလုပ်ထားတယ်ဆိုတဲ့အကြောင်းကို တွေ့ရပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့ အခြားမြစ်ကမ်းပါးဘက်ပေါ်မှာ သိသာတဲ့ဆိုးကျိုးသက်ရောက်မှုတွေမရှိဘဲနဲ့ ဟိုဘက်ကတော့ စိတ်ပူနေကြတာ ဖြစ်ပါတယ်။ ဒီဘက်ကလည်းပဲ အသေးစိတ်တော့ နောက်ထပ်ထပ်ပြီးတော့ ဟိုဘက်ကိုရောဖြစ်သလား။ ဒီဘက်ကိုရောဖြစ်သလားဆိုတာကိုတော့ အသေးစိတ်စစ်ဆေးကာကွယ်သွားမှာဖြစ်ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံးအနေနဲ့ကတော့ ၂၃-၈-၂၀၁၆ ရက်နေ့မှာ တောင်ဥက္ကလာပမြို့နယ် မြို့မရဲစခန်းမှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၅ နှင့်အညီ တရားစွဲဆိုထားပါတယ်။ အဲဒီကုမ္ပဏီအနေနဲ့ ဒီဟာအတိုင်းမလုပ်ဖို့ရာအတွက်လည်း တရားစွဲဆိုထားတာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်ရဲ့ မေးခွန်းဟာ ငမိုးရိပ်ချောင်းရေရှည်ထိန်းသိမ်းခြင်းအတွက် မည်သို့စီစဉ်ထားသည်ကို သိလိုတဲ့အတွက်ကြောင့် ကာလတိုငါးနှစ်စီမံကိန်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စတင်ပြီးတော့ ကမ်းပြို၊ ကမ်းစားမှုများဖြစ်ပေါ်နေတဲ့ ငမိုးရိပ်ချောင်းမှာ မြစ်ကွေ့ ၂၅ ခုရှိပါတယ်။ အဲဒါကို ပြုပြင်ဖို့ရာအတွက် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ လူနေထူထပ်တဲ့ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ သာကေတ၊ ဒေါပုံနှင့် ပုဇွန်တောင်မြို့နယ်တွေကို ဖြတ်သန်းသွားတဲ့အတွက်ကြောင့် ဖွံ့ဖြိုးပြီးနိုင်ငံများနည်းတူ မြစ်ကမ်းသာယာလှပရေး၊ အခြား အများပြည်သူအပန်းဖြေအနားယူနိုင်ရေး၊ မြစ်ကမ်းတစ်လျှောက်မြို့နယ်ချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေး၊ ကူးတို့ဆိပ်များတည်ဆောက်နိုင်ရေးအတွက် မြို့ပြဖွံ့ဖြိုးမှုများကို အထောက်အကူပြုတဲ့ ငမိုးရိပ်ချောင်းဖွံ့ဖြိုးရေးအစီအမံများကို ရေရှည်ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**မတူပီမြို့နယ်တွင် မိုက်ခရိုတာဝါတိုင် တည်ဆောက်ပေးပြီး GSM ဖုန်းလိုင်းများ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မတူပီမြို့နယ်မှာ မတူပီမြို့အပြင် ရေဇွာမြို့၊ လိုင်လင်းပီမြို့ဆိုပြီးမှ မြို့နှစ်မြို့ရှိပါတယ်။ ဒါပေမဲ့ အဲဒီမြို့တွေကို မတူပီမြို့နယ်အတွင်းမှာ မြို့အချင်းချင်းဆက်သွယ်ရမယ့် ဆက်သွယ်ရေးပစ္စည်းအဖြစ်နဲ့ အော်တိုအိတ်ချိန်း အရင်တုန်းက ထားရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ အော်တိုအိတ်ချိန်းကလည်း မေလတုန်းက ဒီအစိုးရက ပြန်ဖြုတ်သိမ်းခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ သစ်တပ်ကနေ အဲဒီ CDMA တာဝါတိုင်ထောင်ပြီးမှ ဖုန်းလိုင်းဆက်သွယ်မှု မတူပီမြို့တစ်ခုတည်းမှာပဲရှိပါတယ်။ ကျန်တဲ့မြို့တွေကိုလည်း ဆက်သွယ်လို့မရပါဘူး။ အဲဒီမှာ CDMA-300 တာဝါတိုင်ရှိပေမယ့်အင်တာနက်လိုင်းလည်း မရဘူး။ အခု နေပြည်တော်ကနေ မတူပီမြို့ကို ဖုန်းလိုင်းဆက်သွယ်တဲ့နေရာမှာလည်း အင်မတန်မှ အခက်အခဲရှိပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်လောက်ကတည်းက မတူပီမြို့မှာ ဖုန်းလိုင်းဆက်သွယ်ရေးလုပ်ဖို့ တာဝါတိုင်တွေစိုက်ဖို့ရန်အတွက် တာဝါတိုင်တွေ လျာထားတာရှိပါတယ်။ နောက်ပြီးမှ အဲဒီတာဝါတိုင် ဆောက်မယ့်နေရာမှာ စက်မှုအဆောက်အအုံတွေလည်း တည်ဆောက်ပြီးဖြစ်ပါတယ်။ အဲဒီစက်မှု အဆောက်အအုံတွေက ပွိုင့်(၈၅၀၉) မင်းတပ်-မတူပီကားလမ်း ၂၄ မိုင် ၆ ဖာလုံမှာ တစ်နေရာ၊ (၂) ပွိုင့်(၇၉၂၅)မင်းတပ်-မတူပီကားလမ်း ၇၄ မိုင် လေရှီးရွာမှာ တစ်နေရာ၊ ပွိုင့် (၄၃၂၄) မတူပီမြို့နယ်၊ လောင်ဗန်းရပ်ကွက်မှာ တာဝါတိုင်အတွက် စက်မှုအဆောက်အအုံတစ်နေရာ၊ ပွိုင့်(၆၂၀၂) မတူပီ-ဟားခါးလမ်း ၁၀၅ မိုင် ၆ ဖာလုံ ဖန္ဒိုင်းတောင်မှာ တစ်နေရာ၊ ပွိုင့်(၆၅၀၈) ရေဇွာမြို့မှ သုံးမိုင်အကွာအဝေးမှာတစ်နေရာ စသည်ဖြင့်တာဝါတိုင်တွေ လျာထားပါတယ်။ အဲဒီမှာ စက်မှုအဆောက်အအုံတွေလည်း သူတို့ဆောက်ပြီးပါပြီ။ နောက် တိန်ဆီးရွာ၊ အော်သရောတောင် ပွိုင့်အမှတ်(၈၉၆၁) စက်မှုအဆောက်အအုံဆောက်ဖို့နှင့် ကားလမ်းဖောက်ဖို့အတွက် တိန်ဆီးရွာကနေ ၆ မိုင် ၇ ဖာလုံ ဝေးပါတယ်။ အဲဒီအတွက်ကို ၂၀၁၃-၂၀၁၄ ခုနှစ်ကတည်းက ဘတ်ဂျက်သန်းပေါင်း ၅၈.၅ သန်း ချပေးပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ တင်စီးသားကုမ္ပဏီက မလုပ်ဆောင်နိုင်လို့ ဘတ်ဂျက်ပြန်အမ်းတယ်လို့ သိရပါတယ်။ ဒီနေ့အထိ မတူပီမြို့နယ်မှာ အင်တာနက်လိုင်းလည်းမရဘူး။ ဖုန်းလိုင်းလည်း မကောင်း

ပါဘူး။ နောက်မှ မြို့အချင်းချင်းဆက်သွယ်တဲ့ အော်တိုအိတ်ချိန်းကိုလည်း ဖြုတ်သိမ်းထားတဲ့အတွက်ကြောင့် ကျန်တဲ့အုပ်စုတွေ၊ ကျန်တဲ့တိုက်နယ်ဆေးရုံတွေကို ဆက်သွယ်မယ့်အော်တိုအိတ်ချိန်းလိုင်းတွေလည်း မရှိတော့ပါဘူး။ အဲဒီလို မတူပီမြို့နယ်မှာ ဆက်သွယ်ရေးအခက်အခဲအများကြီးရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုဝန်ကြီးအနေနဲ့ မတူပီမြို့နယ်မှာ အင်တာနက်လိုင်းရနိုင်ဖို့၊ GSM ဖုန်းလိုင်းရနိုင်ဖို့ရန်အတွက် အထက်ပါပွိုင့်အမှတ်တွေမှာ လျာထားတဲ့အတိုင်း တာဝါတိုင်တွေ အမြန်ဆုံးတည်ဆောက်ပေးနိုင်ရန် ကျွန်တော်တိုက်တွန်းချင်ပါတယ်။ အဲဒါကြောင့် တာဝါတိုင်တွေကို အမြန်ဆုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်း ဖြစ်ပါတယ်။ အများကြီးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းရဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ မတူပီမြို့နယ်မှာ မိုက္ကခရိုဝေ့ဗ်တာဝါတိုင် တည်ဆောက်ပေးပြီးတော့ GSM ဖုန်းလိုင်းတွေ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားအပ်ပါတယ်။ ချင်းပြည်နယ်အတွင်း ဆက်သွယ်မှုပိုမိုလျင်မြန် အဆင်ပြေချောမွေ့စေဖို့ရာအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ရိဒ်-ကနေဒီ(သီရိဥတ္တမ)-ဟားခါး-မတူပီ-မင်းတပ် Gbe IP မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းအသစ်ကို အိန္ဒိယချေးငွေ အမေရိကန်ဒေါ်လာ ၆.၂ သန်းနဲ့တည်ဆောက်မှာဖြစ်ပြီးတော့ မင်းတပ်၊ အခုနကတုန်းက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ပွိုင့်တွေပါပဲ။ မင်းတပ်၊ ပွိုင့်(၈၅၀၉)၊ လေရှီး၊ မတူပီ၊ ဖန္ဓိုင်းတောင်၊ ရေဇွာ၊ ဆူခွါးရှ်၊ ကြက်မောက်တောင်၊ ဟားခါး၊ ဖလမ်း၊ ဗားလုံ၊ ကနေဒီ၊ လန်တန်၊ ရိဒ် စုစုပေါင်း မိုက္ကခရိုဝေ့ဗ်စခန်း ၁၄ ခု ပါဝင်မှာဖြစ်ပါတယ်။ အဲဒီအဆိုပါ ဆက်ကြောင်းအသစ်တည်ဆောက်ခြင်းလုပ်ငန်းကို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆.၂ သန်းအပါအဝင် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ(MOU)ကို ၈-၈-၂၀၁၃ ရက်နေ့ကတည်းက ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၂၄/၂၀၁၃)ရဲ့ သဘောတူခွင့်ပြုချက်နဲ့ အမေရိကန်ဒေါ်လာ ၆.၂ သန်းကို ချေးယူနိုင်ဖို့ရန်အတွက် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(MFTB)နှင့် အိန္ဒိယပို့ကုန်သွင်းကုန်ဘဏ်(India Exim

Bank)တို့ ၂၂-၅-၂၀၁၅ ရက်နေ့ကမှ စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ သဘောတူခဲ့တယ်။ ၂၀၁၅ ခုနှစ် ၅ လပိုင်းကျမှ သဘောတူစာချုပ်ချုပ်ဆိုပြီးတော့ လုပ်ငန်းအပ်နှံမှုစာချုပ်တွေချုပ်ဆိုဖို့ရာအတွက် သဘောထားမှတ်ချက်တွေ တောင်းခံထားဆဲဖြစ်ပါတယ်။ ဒီမိုက္ကရိုဝေ့ဗ်ဆက်ကြောင်းမှာ စခန်း ၁၄ ခုအနက်မှ စခန်းအသစ်ကိုးခုကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကတည်းက အခုနက လွှတ်တော်အမတ်ကြီး တင်ပြသွားတဲ့အတိုင်းပဲ စက်မှုအဆောက်အအုံတွေ၊ ရေအိမ်တွေ၊ ရေကန်တွေ၊ ခြံစည်းရိုးတွေ တည်ဆောက်တာကို ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဲဒီမှာ တာဝါဖောင်ဒေးရှင်းနှင့် တောင်တက်မြေသားလမ်းတွေကို ဖောက်လုပ်တာကိုလည်းပဲ ပြီးစီးပြီဖြစ်ပါတယ်။ အဲဒါကိုလည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ပြီးတော့ဆောင်ရွက်ရမှာဖြစ်ပြီးတော့ အဲဒီအချက်အတွက် လိုအပ်တဲ့တင်ဒါခေါ်ယူမှုတွေကို ချင်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အိတ်ဖွင့်တင်ဒါနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်းမှာပဲ ဆောင်ရွက်သွားဖို့ ညှိနှိုင်းအကြောင်းကြားပြီး ဖြစ်ပါတယ်။ တာဝါဖောင်ဒေးရှင်းနှင့် တောင်တက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို ၂၀၁၇ ခုနှစ်ဖေဖော်ဝါရီလမှာ ပြီးမှာဖြစ်ပါတယ်။ စက်ပစ္စည်းမှာယူခြင်း၊ ပေးပို့ခြင်း၊ တပ်ဆင်ခြင်း၊ အဝေးပြေးဆက်ကြောင်းချိတ်ဆက်ခြင်းလုပ်ငန်းကိုတော့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကျမှ ပြီးမှာပဲဖြစ်ပါတယ်။ အားလုံးပေါင်း လုပ်ငန်းတာဝန်ပေါင်း၊ အားလုံးပေါင်း တစ်နှစ်ခွဲလောက် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ Power Point လေးနဲ့ နည်းနည်းမြေပုံလေးမြင်သာအောင် ကျွန်တော်ပြပါရစေ။ အခုနကတုန်းက မြေပုံရဲ့အထက်မှာ မင်းတပ်မှာက လက်ရှိပါ။ လွှတ်တော်ကိုယ်စားလှယ်ကြီးက သေချာလေ့လာပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ ပွိုင့်(၈၅၀၉)ဆိုတာ အသစ်ဆောက်ရမှာပါ။ လေရှီးက ပွိုင့်(၇၉၂၅) အသစ်ဆောက်ရမှာပါ။ မတူပီအသစ်ဆောက်ရမှာပါ။ ဖန္ဒိုင်းတောင် ပွိုင့်(၆၂၀၂) အသစ်ဆောက်ရမှာပါ။ ရေဇွာတို့၊ ဆူးခွါရ်တို့အသစ်တွေများပါတယ်။ အဲဒီမှာလည်းပဲ ကြက်မောက်တောင်မှာလည်းပဲ အသစ်ထပ်ဆောက်ရမှာပါ။ လက်ရှိအဲဒီမှာ သူပြောတဲ့အတိုင်းပဲ။ ဟားခါးတစ်ခု၊ ဖလမ်းတစ်ခု၊ ဗားလုံတစ်ခု၊ ကနေဒီတောင်တစ်ခုက လက်ရှိတည်ဆောက်ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီစက်တွေကတော့ မဝယ်ရသေးပါဘူး။ အဲဒီလိုဖြစ်တာပါ။ ဒါက အခု ချင်းပြည်နယ်တစ်ခုလုံးအတွက် အိန္ဒိယနိုင်ငံရဲ့ချေးငွေနဲ့တည်ဆောက်မယ့် အစိမ်း Dot, Dot လမ်းကြောင်းဟာ အိန္ဒိယချေးငွေနဲ့ တည်ဆောက်မယ့်လမ်းကြောင်းကြီး ဖြစ်ပါတယ်။ လက်ရှိ မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းကတော့ အနီရောင်လေး အဲဒါလေးပဲရှိတာပါ။ အခု အစိမ်းရောင် တောက်လျှောက်ကို ရိဒ်ကနေပြီးတော့ မင်းတပ်အထိ တောက်လျှောက် လုပ်နိုင်မှသာလျှင် ပိုပြီးတော့ ကောင်းမယ်ဖြစ်တဲ့အကြောင်း တင်ပြ

အပ်ပါတယ်။ အဲဒီမှာ ဒါကတော့ လက်ရှိရှိနေတဲ့အထဲက အခြေအနေလေးတွေကို တင်ပြထားပါတယ်။ ဒါကတော့ နေရာရှာဖွေဆဲနေရာတွေလည်း ရှိပါတယ်။ တည်ဆောက်ပြီးသား နေရာတွေလည်းရှိပါတယ်။ မြေနေရာရှာရတဲ့နေရာမှာ အခုနက ဒီဘက်က တာဝါနဲ့ ဟိုဘက်က တာဝါနဲ့ ချိတ်ဆက်နိုင်ဖို့ တောင်အနိမ့်အမြင့် လမ်းကြောင်းတွေ အဲဒါတွေလည်း အကုန်လုံးအသေးစိတ်တွက်ချက်ရပါတယ်။ မြေသားခိုင်ခန့်မှုတွေကိုရော တွက်ချက်ပြီးတော့ မြေနေရာရှာဖွေတဲ့အခါမှာ တချို့နေရာလေးတွေကတော့ အခက်အခဲလေးတွေရှိနေတာလေးတွေ ရှိပါတယ်။ အဲဒါတွေကိုလည်း အားလုံးရောက်တဲ့အခါ ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ ကျွန်တော်တို့တင်ပြထားတဲ့အတိုင်း ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကျရင်တော့ ချင်းပြည်နယ်တစ်ခုလုံးကို လွှမ်းခြုံနိုင်တဲ့ဟာဖြစ်မှာပါ။ ဒီနေရာမှာလည်း အိန္ဒိယချေးငွေက တော်တော်ကြန့်ကြာနေလို့ အိန္ဒိယမှာလည်းပဲ အိန္ဒိယသံရုံးနှင့်တကွ ဆက်စပ်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ထပ်မံပြီးတော့ တွန်းအားပေးဖို့ တည်ဆောက်သွားမယ်ဆိုတဲ့အကြောင်း ပြောကြားရင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးပါရစေ။ ကျွန်တော်တို့ ခုနက တင်ပြသလိုပါပဲ။ ဆက်သွယ်ရေးကမရှိဘူး။ ဒါပေမဲ့ အရင်သုံးထားတဲ့ အော်တိုအိတ်ချိန်းစက်တွေကို ဖုန်းလိုင်းမတက်ဆင်ပေးခင်မှာ ဖြုတ်သိမ်းခဲ့တဲ့အတွက် အဲဒီကိစ္စကလည်း အင်မတန်မှ အရေးပေါ်ကာလတွေမှာဆိုရင် အင်မတန်မှ အရေးကြီးတဲ့ဟာဖြစ်တဲ့အတွက်ကြောင့် အဲဒါ ဘာကြောင့် အဲဒီဟာကို ဖြုတ်သိမ်းသလဲ။ ဒီအတွက် အစားထိုးဘာတပ်ဆင်ပေးမလဲဆိုတာကို ကျွန်တော်မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ အော်တိုဖုန်းလိုင်းတွေထဲမှာ တချို့ အမှန်ကတော့ အရည်အသွေးမပြည့်မီတဲ့ဟာရှိတယ်။ တချို့ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ လိုင်းတွေရှိတယ်။ အဲဒါတွေကို ကျွန်တော်တို့ အခုတော်တော်များများ ပြန်ပြီးတော့ ပြင်ဖို့ရာကြိုးစားနေပါတယ်။ အဲဒီမှာလည်းပဲ ကျွန်တော် ထပ်ပြီးတော့၊ စိစစ်ပြီးတော့ ဒီဟာက ဘာဖြစ်တာလဲ။ ထပ်ပြီးတော့ မေးမြန်းပြီးတော့ ပြင်ဆင်ဆောင်ရွက်သွားပါမယ်။ ရန်ကုန်ကစပြီး အားလုံး မှန်တာပြောရရင် ဒီမိုဘိုင်းဖုန်းတွေ တွင်ကျယ်လာတဲ့အခါမှာ လိုင်းဖုန်းတွေအပေါ် မှာ

ဝန်ကြီးဌာနအနေနဲ့ အားနည်းနေတယ်လို့ ကျွန်တော်ကိုယ်တိုင်လည်း စိစစ်တွေ့ရှိရပါတယ်။ အဲဒီ တော့ လိုင်းဖုန်းတွေကို ပိုပြီးတော့ ဒီလို ခုနတုန်းက တစ်ခုမပြီးသေးတဲ့ဟာကိုတော့၊ ဒီဟာကိုတော့ သူပြောတဲ့အတိုင်းပဲ ပြန်လည်ပြင်ဆင်ဖို့ရာအတွက် ကျွန်တော် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကျောက်တော်မြို့နယ်အတွင်း ရေကြီး၊ ရေလျှံမှုကိုဖြစ်ပေါ်စေသည့် ရထားလမ်း၊ ကားလမ်းများအား ပြန်လည်စိစစ်ပြီး ရေစီးရေလာကောင်းမွန်အောင် ပြန်လည်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ အားလုံးပဲလေးစားပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်တော်မဲဆန္ဒနယ်က ဦးဦးထွန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ကျွန်တော်တို့မဲဆန္ဒနယ်အတွင်းမှာ နှစ်စဉ်လိုလိုရေကြီးရေလျှံမှုကို ဖြစ်ပေါ်စေတဲ့ အကြောင်းအရင်းတွေထဲက တစ်ခုဖြစ်တဲ့ ရထားလမ်း၊ ကားလမ်းတွေကို ပြန်လည်စိစစ်ပြီးတော့မှ လိုအပ်တဲ့ Box Culvert တွေ တံတားတွေ ထိုးပေးနိုင်ဖို့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဟာ ပင်လယ်ရေမျက်နှာပြင်အမြင့် ၁၉ ပေ၊ ၂၀ ပေ အမြင့် ရှိပါတယ်။ နှစ်စဉ်လိုလို မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းတဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ကျောက်တော်မြို့ဟာ ရေကြီးရေလျှံဖြစ်တယ်ဆိုတာ တော်တော်လေးကိုရှားပါတယ်။ မှတ်မှတ်ရရ ကျွန်တော်တို့တစ်သက်မှာ ၁၉၉၆ ခုနှစ်လောက်က တစ်ကြိမ်ဖြစ်ဖူးပြီးတော့ အဲဒီနောက်ပိုင်း နှစ်ပေါင်း ၂၀ အတွင်းမှာ ဒါဖြစ်ဖူးတာရှားပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းနှစ်တွေမှာ နှစ်စဉ်လိုလို ရေကြီးရေလျှံမှုတွေဖြစ်တယ်။ ပြည်သူတွေ ရေဘေးဒုက္ခတွေကျရောက်နေတယ်ဆိုတာကို မီဒီယာကတစ်ဆင့် အားလုံးသိပြီးဖြစ်မှာပါ။ ရေကြီးရေလျှံဖြစ်တယ်ဆိုတာ အဓိကကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်လာမှု၊ ပင်လည်ရေမျက်နှာပြင်မြင့်တက်လာမှုဆိုတဲ့အကြောင်းတရားတွေလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ တစ်ဖက်မှာကျွန်တော်တို့မဲဆန္ဒနယ်ရဲ့ မြေပြင်အခြေအနေမှာ ဒီရေကြီးရေလျှံမှုတွေကို ဖြစ်ပေါ်စေနိုင်တဲ့ တခြားအကြောင်းတရားတွေလည်း ရှိနေတာတွေ့ရပါတယ်။ ကျွန်တော်တို့ကျောက်တော်မြို့နယ် အနီးမှာရှိနေတဲ့ ဒီရထားလမ်း၊ ကားလမ်းတွေဟာ စပြီးတည်ဆောက်တဲ့အချိန်တုန်းက ကျွန်တော်ထင်ပါတယ်။ စနစ်တကျမလုပ်ခဲ့တဲ့အတွက် တစ်မြို့နယ်လုံးမှာ ကျွန်တော်တို့တစ်လမှာ မိုးရေချိန်လက်မ ၅၀ နှင့် ၆၀ ကြားမှာ ရွာတဲ့မြို့ဖြစ်တဲ့အတွက် တစ်မြို့နယ်လုံးမှာဖြန့်ကျက်နေတဲ့မိုးရေတွေ၊

အနယ်နယ်အရပ်ရပ်က စီးဆင်းလာတဲ့ရေတွေကို တာပေါင်ကြီးတွေလို အဲဒီရထားလမ်း၊ ကားလမ်းတွေက ပိတ်ပြီးတော့စီထားတာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၅ ခုနှစ်၊ ကိုမန်ဆိုင်ကလုန်းမုန်တိုင်းတုန်းက ကျောက်တော်မြို့နယ်ရဲ့ရွာတော်တော်များများဟာ ဆည်ကြီးထဲကိုရောက်နေသလိုမျိုး ကျွန်တော်တို့ တော်တော်ဒုက္ခရောက်ခဲ့ရတဲ့အခြေအနေရှိပါတယ်။ အဲဒီတော့ ရေတွေက ထွက်ပေါက်ပိတ်နေတဲ့အတွက် ရထားလမ်းနေရာ သုံးနေရာလောက်ထိ ကျွန်တော်တို့ ပွင့်ထွက်ပြီးတော့မှ အခုချိန်ထိ ရထားလမ်းကလည်း ပတ္တလားလမ်းဖြစ်ပြီးတော့မှ နိုင်ငံတော်က အခုအချိန်ထိ ပြန်လည်တည်ဆောက်ပေးတာ မတွေ့ရသေးပါဘူး။ အဲဒါကြောင့်မို့ ကျွန်တော်တို့ ကျောက်တော်မြို့နယ်ဟာ အဓိက စိုက်ပျိုးရေးလုပ်ငန်း(Agriculture Side)ကိုပဲ အားထားနေရတဲ့မြို့ဖြစ်တဲ့အတွက် လူတော်တော်များများကတော့ ရေဘေးဖြစ်တယ် ဆိုရင် ကိုယ့်အိမ်ကိုယ့်ရွာကို စွန့်ခွာပြီးတော့ အထုပ်အပိုးတွေနဲ့ ထမ်းပြေးရတဲ့အခြေအနေမှာမှ ရေဘေးသင့်တယ်လို့ထင်ကြတာပါ။ တကယ်တမ်းကျတော့ ကိုယ့်အိမ်ကိုယ့်ရွာမှာနေပြီးတော့၊ စိုက်ပျိုးရေးကိုအခြေပြုပြီးတော့ လုပ်စားနေရတဲ့ပြည်သူတွေမှာ ကိုယ့်ရဲ့လယ်မြေတွေဆုံးရှုံးမှုတွေ၊ ကိုယ်တို့မွေးမြူထားတဲ့ ကျွဲ၊ နွား၊ တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးဖို့ဟာလည်းပဲ သူတို့ဘဝတွေနစ်တာနဲ့အတူတူပဲ ဖြစ်ပါတယ်။ အဲဒီအခြေအနေမျိုးတွေကို နှစ်စဉ်လိုလို ကျွန်တော်တို့ ကျောက်တော်မြို့နယ်သူ/မြို့နယ်သားတွေဟာ ကြုံတွေ့နေရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာအစိုးရအဖွဲ့တွေက အသေအချာကွင်းဆင်းစစ်ဆေးပြီးတော့ လိုအပ်တဲ့နေရာတွေမှာ တံတားတွေထိုးပေးဖို့၊ Bus Culvert တွေ တပ်ပေးဖို့အတွက် ကျွန်တော် ပြည်သူတွေနဲ့ ထပ်တူထပ်မျှ ကိုယ်တိုင်ကိုယ်ကျခံစားခဲ့ရတဲ့လူ ဖြစ်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျောက်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းဝင်းရဲ့ မေးခွန်းအပေါ်မှာ ကျောက်တော်မြို့နယ်အတွင်း ရေကြီးရေလျှံမှုတွေကို ဖြစ်ပေါ်စေတဲ့ ရထားလမ်း၊ ကားလမ်းတွေကို ပြန်လည်စိစစ်ပြီးတော့ ရေစီးရေလာကောင်းမွန်အောင် ပြန်လည်

ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ရထားလမ်းနှင့် ပတ်သက်လို့ ကျွန်တော်တို့မှာ မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရှိပါတယ်။ အဲဒါက စစ်တွေ ဘက်ခြမ်းမှာ ၁၅-၂-၂၀၀၉ ရက်နေ့ကနေ စတင်ဖောက်လုပ်ခဲ့ပြီးတော့ စစ်တွေလမ်းပိုင်း ခရီးမိုင် ၁၁.၄၆ မိုင် ကို ၁၅-၉-၂၀၀၉ မှာ ကွန်းတောင်-ပုဏ္ဏားကျွန်း-ရိုးတရုတ်လမ်းပိုင်းကို ခရီးမိုင် ၂၂.၇ မိုင်ကို ၁၅-၅-၂၀၁၀ ရက်နေ့မှာ ရိုးတရုတ်ကျောက်တော်လမ်းပိုင်းကို ၁၉.၈၂ မိုင်ခရီးကို ၁၀-၄-၂၀၁၁ မှာ ဖွင့်လှစ်ပြီးတော့ စုစုပေါင်း ခရီးမိုင် ၅၄ မိုင်ကို သုံးပိုင်းဖြတ်ပြီးတော့ ဖွင့်လှစ်ထားပါတယ်။ ဖွင့်လှစ်ပြီးတဲ့ ရထားလမ်းတွေအနက်မှာ ကျောက်တော်မြို့နယ်အတွင်းပါဝင်တဲ့ ကျောက်တော်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်းပဲ ဂဏန်းတောင်-အပေါက်ဝဘူတာကြားမှာ ၅.၇ မိုင် ခရီးအကွာအဝေးရှိပါတယ်။ အပေါက်ဝ-ကျောက်တော်ဘူတာကြားမှာ ၈.၃ မိုင်ရှိပါတယ်။ အဲဒီမှာ ၅.၇ မိုင်ဝေးတဲ့ ဂဏန်းတောင်-အပေါက်ဝဘူတာကြားမှာ ပေ ၁၈၀ တံတားတစ်စင်း၊ ပေ ၄၀ အထက် တံတားတစ်စင်း၊ ပေ ၄၀ အောက် တံတား ၂၄ စင်း စုစုပေါင်းတံတား ၂၆ စင်း၊ မြစ်ချောင်းတွေ ပေါများလွန်းတဲ့ ဒီရခိုင်မှာ ၅.၇ မိုင်ခရီးမှာ တံတား ၂၆ စင်း တည်ဆောက်ပေးထားပါတယ်။ အပေါက်ဝနှင့် ကျောက်တော်ခရီးမိုင် ၈.၃ မိုင်မှာတော့ ၄၀ ပေအထက် တံတားတစ်စင်း၊ ၄၀ ပေ အောက်တံတား ၂၂ စင်း စုစုပေါင်း ၈.၃ မိုင်မှာ တံတား ၂၃ စင်း တည်ဆောက်ပေးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ၂၀၁၅ ခုနှစ် မိုးတွင်းကာလမှာ၊ ကျောက်တော်မြို့နယ်အတွင်းမှာ ရေကြီးရေလျှံ မှုဖြစ်ပွားခဲ့တော့ ဂဏန်းတောင်-အပေါက်ဝကြား ၂.၅ မိုင်မှာ ပေ ၂၀ တံတား နှစ်စင်း၊ ၁၀ ပေတံတား သုံးစင်းနဲ့ ခြောက်ပေနှစ်ခန်းအမိုးဖွင့်တံတားနှစ်စင်း စုစုပေါင်း တံတားခုနစ်စင်းကို ထပ်ပြီးတော့ တည်ဆောက်ခဲ့ပါတယ်။ အပေါက်ဝ-ကျောက်တော်ကြား ၃၆၀ ပေ တံတားရယ်၊ ၂၀ ပေတံတားရယ်၊ ၁၀ ပေတံတားတစ်စင်း၊ ခြောက်ပေတံတားတစ်စင်း အားလုံးပေါင်း ခြောက်ပေတံတား နှစ်ခန်းတစ်စင်း၊ တစ်ခန်းထဲတံတားတစ်စင်း စုစုပေါင်း တံတားငါးစင်းကို တည်ဆောက်ပြီးတော့ ပေးခဲ့ပါတယ်။ အဲဒီမှာ မိုးတွင်းကာလ သဘာဝရေဘေးကြောင့်မို့လို့ ကျောက်တော်မြို့နယ်အတွင်း ရေကြီးရေလျှံဖြစ်ပေါ်တဲ့ နေရာများမှာ တာပေါင်များ ရေတိုက်စားမှုမဖြစ်ပေါ်စေရန်အတွက်၊ ရေလမ်းကြောင်းတွေ တိုးချဲ့ပေးဖို့ ရန်အတွက် ဂဏန်းတောင်နှင့် အပေါက်ဝကြားမှာ ပေ ၄၀ တံတားနှစ်စင်းရယ်၊ ၆၀ ပေတံတား တစ်စင်းတို့ကို ထပ်တိုးတည်ဆောက်ဖို့ရာအတွက် အပေါက်ဝ နှင့် ကျောက်တော်ကြားမှာ တံတား တစ်စင်း စုစုပေါင်း တံတားသုံးစင်းတည်ဆောက်ဖို့လိုတယ်ဆိုပြီးတော့ စီစဉ်လျာထားခဲ့ပါတယ်။ လျာထားခဲ့တော့ ဒီသဘာဝဘေးကြောင့် ပျက်စီးမှုတွေကို ပြန်လည်ပြင်ဆင်ဖို့ရာအတွက် ၂၀၁၅-၂၀၁၆

ဘဏ္ဍာရေးနှစ်အတွင်းမှာ နိုင်ငံတော်သမ္မတရဲ့သီးသန့်ရန်ပုံငွေကို တင်ပြတောင်းခံရမှာလည်းပဲ မရရှိခဲ့ဘူး။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ရဲ့ ဖြည့်စွက်ရန်ပုံငွေတောင်းခံစဉ်တုန်းကလည်း မရရှိခဲ့ပါဘူး။ ဒါကြောင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဒီတံတားတွေ လိုအပ်နေတဲ့ရေပေါက်တွေ ဖောက်ဖို့ရာအတွက် လိုအပ်တဲ့ထပ်မံတံတား သုံးစင်းအနက် တစ်စင်းတည်ဆောက်ဖို့ရာအတွက်ပဲ ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ ဒါကြောင့် ယခုအခါမှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနှင့် တင်ဒါခေါ်ယူထားပြီးတော့ အဲဒီတံတားတစ်စင်းကိုတော့ ဒီနေ့အတွင်းမှာ အပြီးတည်ဆောက်သွားမှာဖြစ်ပြီးတော့ ကျန်တံတားနှစ်စင်းအတွက်ကတော့ မဆောက်ရသေးကြောင်း ခုနတုန်းကအတိုင်းပဲ ပတ္တလားဖြစ်ဆဲပဲဖြစ်နေတဲ့အကြောင်းကို တင်ပြအပ်ပါတယ်။ ကျန်ရှိတဲ့ပျက်စီးမှုတွေကို ပြင်ဆင်ဖို့ရာအတွက် ၂၀၁၆-၂၀၁၇ ဖြည့်စွက်မှာ ကျွန်တော်တို့ ထပ်ပြီးတော့ တင်ပြသွားပါဦးမယ်။ အဲဒီမှာရခဲ့ရင်တော့ ယခုနှစ်ဘဏ္ဍာရေးနှစ်အတွင်းမှာ ရာနှုန်းပြည့်ပြီးစီးအောင် ဒါတောင်မှ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ထပ်မံလိုအပ်တဲ့ဘဏ္ဍာငွေကို ၂၀၁၇-၂၀၁၈ မှာ ထပ်မံတောင်းခံပြီးတော့ ရရှိပါက ပြန်လည်ပြင်ဆင်ခြင်းနှင့် ထပ်တိုးတံတားလုပ်ငန်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့တင်ပြချက်မှာ ကားလမ်းအပိုင်းပါပါတယ်။ ကားလမ်းအတွက်လည်းပဲ ကျွန်တော် ဆောက်လုပ်ရေးဝန်ကြီးဌာနဆီကနေပြီးတော့၊ မေးမြန်းပြီးတော့ ဖြေကြားအပ်ပါတယ်။ ကားလမ်းတွေမှာလည်း မူလတုန်းက တည်ဆောက်ခဲ့တဲ့ရေထွက်ပေါက်၊ ရေထုတ်ပေါက်တွေဖြစ်တဲ့ Box Culvert များ၊ တံတားများနှင့် ရေစီးဝင်ထွက်တဲ့ရေစီးပမာဏများလာခြင်းကြောင့် မူလရေလမ်းကင်းလွတ်အကျယ်အမြင့်နဲ့ မလုံလောက်တော့ဘဲနဲ့ ရေတိုက်စားခံရခြင်း မြေသားတာပေါင်နှင့် လမ်းသားအချို့ကို ရေကြီးရေကျော်ရေတိုက်စားခံရခြင်းများ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒါကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြထားတဲ့အတိုင်းဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်အတွင်းသာမကဘဲ ကျီးလီ၊ သံတွဲ၊ တောင်ကုတ်၊ မအီ၊ အမ်း၊ မင်းပြား၊ မြောင်းဘွေ၊ မြောက်ဦး၊ ပေါက်တောစတဲ့မြို့နယ်မှာလည်း ရေကြီးရေလျှံမှုဖြစ်ပေါ်စေတဲ့အကြောင်းအရင်းတွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ရေရှည်စီမံကိန်းများကို ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကားလမ်းများ တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းဆောင်ရွက်ရာတွင် ဒေသတွင်းမိုးရွာသွန်းမှု၊ ရေကြီးရေလျှံမှုဖြစ်ပေါ်မှုအရ High Flood Level ၃ ပေမှ ၄ ပေထိ မြေသားတာပေါင်တည်ဆောက်ခြင်း၊ လမ်းသားခင်းခြင်းတို့ကို ဆောင်ရွက်ရပါတယ်။ အဲဒီလိုဆောင်ရွက်ရတဲ့အခါမှာ မြေသားတာပေါင်အထက်ကနေပြီး အောက်သို့ ရေစီးဝင်/ထွက်တဲ့ထွက်ပေါက်များဖြစ်တဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ လျှိုများကို

ရေစီးဝင်မှုနှင့်အညီ ရေလမ်းကင်းလွတ်အကျယ်၊ အမြင့်နှင့် ရေထုတ်အားလုံလောက်အောင် Box Culvert တံတားများကို တည်ဆောက်ပေးရပါတယ်။ အဲဒီလိုမတည်ဆောက်ခဲ့လို့လည်း ခုနကပြောတဲ့ စနစ်မကျခဲ့မှုတွေကြောင့်မို့လည်း ဒီကားလမ်းများမှာ ရေကြီးရေလျှံရေကျော်မှုတွေ ဖြစ်ပေါ်ခဲ့ရတာဖြစ်ပါတယ်။ ဒါကြောင့် ကျောက်တော်မြို့နယ်သာမကဘဲနဲ့ ရန်ကုန်-စစ်တွေလမ်း၊ အမ်း-စစ်တွေလမ်းပိုင်း၊ မင်းပြား-မြောင်းဘွေ-မြောက်ဦး-ကျောက်တော်လမ်းတစ်လျှောက်မှာ လယ်ကွင်းများနှင့် ကားလမ်းများကို သတ်မှတ်စံချိန် စံနှုန်းနှင့်အညီ Box Culvert များတိုးချဲ့တည်ဆောက်ခြင်း၊ Box Culvert အသစ်တည်ဆောက်ခြင်း၊ တံတားများတိုးချဲ့တည်ဆောက်ခြင်း၊ တံတားနှင့် ရေပြွန်များ၏ ချဉ်းကပ်လမ်းများတွင် ရေကန်၊ မြေကန်နံရံများ တည်ဆောက်ခြင်း၊ တံတား၏ ချောင်းအထက်ဘက်(Up Stream)၊ ချောင်းကြမ်းပြင်(Bed Level)နှင့် ချောင်းအောက်ဘက်(Down Stream)တို့တွင် ရေစီးရေလာကောင်းမွန်စေရန် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ စတင်၍ လိုအပ်သည့်ရန်ပုံငွေများ တင်ပြတောင်းခံသွားမည်ဖြစ်တဲ့အကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တင်ပြချက်ကိုလည်းပဲ ပူးတွဲရှင်းလင်းတင်ပြအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဦးထွန်းဝင်း(ကျောက်တော်မဲဆန္ဒနယ်)**။ ။ သေသေချာချာ ရှင်းပြသွားတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဝန်ကြီးရှင်းပြတဲ့အထဲမှာ ကျွန်တော်သိရသလောက်ကတော့ ပြီးခဲ့တဲ့ ဆွေးနွေးတဲ့အထဲမှာလည်းပါပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက ဖြစ်သွားတဲ့ ကိုမန်ဆိုင်ကလုံး မုန်တိုင်းကြောင့် ပွင့်ထွက်သွားတဲ့နေရာသုံးခုကိုပဲ ဒါ ပြန်လည်ပြုပြင် တည်ဆောက်မယ် ဆိုတဲ့အကြောင်းကိုပဲ ဦးစားပေးတည်ဆောက်မယ်ဆိုတဲ့အကြောင်းကိုပဲ ပြောသွားတာ တွေ့ရပါတယ်။ ဒါပေမဲ့ လမ်းက ပွင့်ထွက်သွားတာ မဟုတ်ပေမယ့် တချို့နေရာတွေမှာ ရေလွှမ်းမိုးမှုတွေဖြစ်နေတဲ့ တခြားကျောက်တော်မြို့နယ်ထဲမှာ နေရာတွေအများကြီး ရှိနေပါတယ်။ ဥပမာအားဖြင့် သတိချောင်း ကမ်းခြေဒေသတို့၊ မဟာမြတ်မုနိဘုရားပတ်ဝန်းကျင်ကကျေးရွာတို့ဆိုရင် အဲဒီနားမှာ လမ်းက တော့ပွင့်ထွက်မသွားပါဘူး။ ဒါပေမဲ့ မိုးရွာတာနဲ့ဒေသခံတွေက အထုပ်အပိုးတွေထမ်းပြီးတော့ ပြေးကြ ရတဲ့အခြေအနေရှိပါတယ်။ အဲဒီဒေသဘက်ကိုလည်းပဲ ကျွန်တော်တို့စနစ်တကျ ကွင်းဆင်း လေ့လာပြီးတော့မှ လိုအပ်သလို စီစဉ်ဆောင်ရွက်ပေးဖို့ ကျွန်တော်လေးလေးနက်နက် တိုက်တွန်း ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ မှန်ပါတယ်။ ဒီဖြေကြားချက်မှာ အဲဒီသုံးခုလုံးကို တင်ပြခဲ့တာမှန်ပါတယ်။ အခုနကတုန်းက အဓိက လိုအပ်နေတဲ့ဟာကိုပဲ အရင်တင်ပြလိုက်တာဖြစ်ပါတယ်။ ဒါကတော့ ရထားလမ်းတစ်လျှောက်လုံး လိုအပ်တဲ့နေရာတွေအားလုံးကို အသေးစိတ် ပြန်ပြီးတော့ စိစစ်ရမှာပါ။ အရင် ဖောက်ခဲ့စဉ်တုန်းက အားနည်းခဲ့တဲ့အချက်တွေ အားလုံးအသေးစိတ် မတွက်ချက်နိုင်တာတွေ ဖြစ်နိုင်ပါတယ်။ အဲဒါကိုတော့ အကုန်လုံး အင်ဂျင်နီယာအဖွဲ့တစ်ဖွဲ့လွှတ်ပြီးတော့ ထပ်ပြီးအသေးစိတ်စိစစ်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း ဖြေကြားလိုပါတယ်။

**မက်မန်းမြို့နယ်တွင် အမြင့် ၄၅ မီတာရှိ မိုဘိုင်းတာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းတွင် ဆောင်ရွက်ရန် ကျန်ရှိနေသည့်လုပ်ငန်းတစ်ခုလုံး၏ ၁၁ ရာခိုင်နှုန်းဖြစ်သော ရေဒီယိုစက်များတပ်ဆင်ခြင်း လုပ်ငန်းအား ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်အေး(မက်မန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး ဖြစ်ပါတယ်။ မက်မန်းမြို့က ဝေးလံခေါင်သီတဲ့တောင်ပေါ်ဒေသ၊ နယ်စပ်မြို့လေးတစ်မြို့ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့)ဘက်မှာကြည့်မယ်ဆိုလို့ရှိရင် မိုင်းပျဉ်းကနေပြီးတော့ ၇၃ မိုင် ဝေးပါတယ်။ လမ်းပန်း ဆက်သွယ်ရေး အကုန်ခက်ခဲပါတယ်။ ယနေ့အနေနဲ့တော့ ဆက်သွယ်ရေးအပိုင်းကို တင်ပြပါမယ်။ လက်ရှိအနေအထားမှာဆိုရင်တော့ သံလွင်မြစ်အနောက်ဘက်က မိုင်းရှူး Station က နေပြီးတော့ သူရဲ့ Coverage Area Outer ring မှာ မီရုံလေးရှိတဲ့အတွက် ရတစ်ချက်၊ မရတစ်ချက် ဖြစ်နေပါတယ်။ ဒါပေမဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ၂၂-၁၀-၂၀၁၅ ရက်နေ့ကစပြီးတော့ MPT မိုဘိုင်းတာဝါ လာပြီးတော့ တပ်ဆင်ပါတယ်။ ၂၅-၄-၂၀၁၆ ရက်နေ့ကစပြီးတော့ လုပ်ငန်းရပ်ဆိုင်းသွားပြီး ယခုအထိ တိုးတက်မှုအခြေအနေလုံးဝမရှိပါဘူး။ လက်ရှိပြီးစီးနေတဲ့အနေအထားကိုတော့ ကျွန်တော် Power Point နဲ့ တင်ပြရန် ခွင့်ပြုပါခင်ဗျား။ လုပ်ငန်းအဆင့်အနေနဲ့ ခြောက်ပိုင်း ခွဲထားပါတယ်။ အလျား ၃၆ ပေ၊ အနံ ၃၆ ပေ အနက် ၇ ပေရှိတဲ့ ဖောင်ဒေးရှင်းတူးတဲ့အပိုင်း ၁၀၀ ရာခိုင်နှုန်း ပြီးပါပြီ။ သံချည်သံကွေး ၁၀၀ ရာခိုင်နှုန်းပြီးပါပြီ။ Two Step သံချည်သံကွေး ကွန်ကရစ်လောင်း

လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးပါပြီ။ ကိုးလက်မပတ်လည် တိုင်ပိုနဲ့ ပုံလောင်းခြင်း ၁၀၀ ရာခိုင်နှုန်း ပြီးပါပြီ။ တိုင်ထောင်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးပါပြီ။ စက်တပ်ဆင်ခြင်းလုပ်ငန်း ၃၅ ရာခိုင်နှုန်းနှင့် ရေဒီယိုတပ်ဆင်ခြင်းလုပ်ငန်း ၆၅ ရာခိုင်နှုန်းရှိပါတယ်။ တာဝါတိုင်ဆောက်လုပ်ပြီးစီးမှုအနေအထား ဖြစ်ပါတယ်။ မိုဘိုင်းတာဝါအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အနေအထားဖြစ်ပါတယ်။ တာဝါ အဆောက်အဦ ဆောက်လုပ်ပြီးစီးမှု အနေအထားဖြစ်ပါတယ်။ ပါဝါအင်ဂျင်စက်တပ်ဆင်မှု ပြီးစီးမှု အနေအထားဖြစ်ပါတယ်။ ရေဒီယိုစက်ထားမယ်ဆိုပြီး ရည်ရွယ်ထားတဲ့အခန်း ဖြစ်ပါတယ်။ ကြည့်လိုက်မယ်ဆိုရင် Overall ရာခိုင်နှုန်းပြီးစီးမှုဟာ ၈၉ ရာခိုင်နှုန်းရှိပါတယ်။ ၁၁ ရာခိုင်နှုန်းပဲ ကျန်ပါတယ်။ ဒါ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ဖြစ်တဲ့အတွက် ဒီလုပ်ငန်းကို ဘယ်တော့များ အပြီးသတ်ပြီးတော့ ဆောင်ရွက်နိုင်မလဲလို့ အဓိကထားပြီး မေးခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ကြီးက အသေးစိတ် အားလုံး စိစစ်မေးမြန်းပြီးတော့၊ သေချာလေ့လာပြီးတော့ တင်ပြထားတာဖြစ်ပါတယ်။ အဲဒီမှာ တကယ်တမ်း သူပြောတဲ့အတိုင်းပဲ ၁၁ ရာခိုင်နှုန်း ကျန်တာဖြစ်ပါတယ်။ ကျိုင်းတုံကနေပြီးတော့ မက်မန်းကို သွားရမှာ ဖြစ်ပါတယ်။ အဲဒီလမ်းမှာရှိတဲ့ GSM စခန်းတွေ ဖွင့်လှစ်ပေးနိုင်ခြင်း၊ မက်မန်းမြို့နယ်နှင့်အနီး ပတ်ဝန်းကျင်ကျေးရွာ ၁၀ ရွာအား ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်ဖို့ရာအတွက် Voice သာမက ဘဲနဲ့ Data ပါရရှိဖို့၊ Data Tranmission ရရှိဖို့ရာအတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်မှာ တည်ဆောက်ထားရှိပြီးဖြစ်တဲ့ GSM-UMTS စခန်း ဆိုဒ်အမှတ် (SHE 00151) ရဲ့ တာဝါနှင့် စက်မှုအဆောက်အဦ တည်ဆောက်ထားမှုအခြေအနေ၊ တာဝါ အတွက် မိုးကြိုးလွှဲနှင့် မြေစိုက်ကြိုးတွေ တည်ဆောက်ထားမှုအခြေအနေ၊ ပါဝါအတွက် အင်ဂျင် တပ်ဆင်ထားရှိမှုအခြေအနေတွေ ရရှိပြီးဖြစ်ပါတယ်။ အဲဒီမှာ ရေဒီယိုကို အမြန်ဆုံးပို့ပြီးတော့ ဒီနှစ်မကုန်ခင်မှာ အပြီးတပ်ဆင်သွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။

**မူကြမ်း**

**မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာအား ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျခြင်း မဖြစ်ပေါ်အောင် ထိရောက်သောကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသည့်မေးခွန်းကတော့ ဆင်ကျွန်းကျေးရွာအား ကမ်းပါးပြိုမှု မဖြစ်ပေါ်အောင် ထိရောက်သော ကာကွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာဟာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုခြင်းများ နှစ်စဉ်လိုလိုဖြစ်ပေါ်နေပြီး အိမ်ခြေများ ရွှေ့ပြောင်းရတဲ့ ဒုက္ခနှင့် ရင်ဆိုင်နေရတဲ့ ကျေးရွာလေးတစ်ရွာ ဖြစ်ပါတယ်။ ယခုနှစ် လေးလပိုင်းမှာ မြစ်ရေတိုးလာပြီး ကမ်းပါးများ စတင်ပြိုတဲ့အခါမှာ ငါးအိမ်ထောင်စု ရွှေ့ပြောင်းကြရပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံးမှာ အရေးပေါ်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင်ရှိပါတယ်။ ဒါပေမဲ့လို့ ကမ်းပါးလုံးဝမပြိုအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အတွက် နောက်ထပ် အိမ်ခြေ ၆၅ လုံး ကမ်းပြိုမှုမှာ ပါသွားခဲ့ပါတယ်။ ရွှေ့ပြောင်းရတဲ့ အိမ်ခြေတွေရဲ့ စုစုပေါင်း အကျယ် ဧကဟာ ၁၃ ဧကခန့်နှင့် လုပ်စားမြေဧက ၂၀ လောက် ရေထဲမျောပါသွားခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အချိန်မီနေအိမ်များကို ရွှေ့ပြောင်းနိုင်ခဲ့ပေမယ့်လို့ နေအိမ်များ ပြန်လည်ချထားရန်အတွက် မြေနေရာ ဝယ်တဲ့အခါမှာ (၂၀ ပေ x ၃၀ ပေ) တစ်ကွက်ကို ငွေကျပ်သိန်း ၂၀၊ ၃၀၊ ၄၀ အထိ ပေးဝယ်ရတဲ့ အနေအထားဖြစ်ခဲ့ပါတယ်။ ယခုလက်ရှိအခြေအနေမှာဆိုလို့ရှိရင် အဲဒီကျေးရွာမှာရှိနေတဲ့ အခြေခံမူလတန်းလွန်ကျောင်းဟာ ကမ်းပါးနှင့်အလွန်နီးကပ်နေပြီဖြစ်ပါတယ်။ ကျောင်းပြောင်းရွှေ့ဖို့အတွက် မြေကွက်ရှာတဲ့နေရာမှာ မြေကွက်ရောင်းမယ့်လူမရှိတဲ့အနေအထားအထိ ကျွန်တော်တို့ ရင်ဆိုင်နေရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နှစ်စဉ်နှစ်တိုင်း မြစ်ရေတိုက်စားခံရတဲ့ အကြောင်းအရင်းကို လေ့လာကြည့်တဲ့အခါမှာ ကောင်းကင်ဓာတ်ပုံမှတ်တမ်းအရ ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ မြစ်ရေတိုက်စားခြင်းဟာ ပေပေါင်းအရှည် ၃၀၀၀ ကျော် တိုက်စားသွားပြီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပိုမိုမြင်သာထင်သာအောင်အတွက် ကျွန်တော့်အား Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ဖော်ပြထားတဲ့ အဝိုင်းလေးပြထားတဲ့ သဲသောင်ခုံဟာ အဲဒီသဲသောင်ခုံလေးကြောင့် မြစ်ရေလမ်းကြောင်းဟာ ဆင်ကျွန်းကျေးရွာကို ဦးတည်တိုက်စားတဲ့အနေအထားဖြစ်ပေါ်လာပါတယ်။ ဆင်ကျွန်းကျေးရွာရဲ့မြောက်ဘက်မှာ ဧရာဝတီမြစ်လမ်းကြောင်းဟာ ပြောင်းလဲဖြစ်ပေါ်စပြုလာပါပြီ။ ဒါကြောင့်မို့လို့ သဲသောင်ခုံရဲ့ တောင်မြောက်အကျယ်ကတော့ ၁၃၂၀ ပေခန့်ရှိပြီးတော့ အရှေ့အနောက်အကျယ်က ၉၉၀ ပေခန့်ရှိပါတယ်။ ဒီလိုမျိုး ဧရာဝတီမြစ်အလယ်ခေါင်တွေမှာ သဲသောင်များထွန်းလာခြင်းတို့ကြောင့် မြစ်ရေတိုးတဲ့အချိန်မှာ မြစ်ကြောင်းဟာ ခွဲဖြာစီးဆင်းမှုကြောင့် ကမ်းပြိုမှုများ ပိုမိုဖြစ်စေခဲ့ပါတယ်။ တိုင်းဒေသကြီးအဆင့်အနေနဲ့ ကမ်းပါးမှာရှိတဲ့ ရေထိန်းနံရံလောက်သာ လုပ်ပိုင်ခွင့်ရှိတဲ့အတွက် မြစ်ရဲ့အလယ်ခေါင်မှာရှိတဲ့ သောင်များဖြိုဖျက်ခြင်း၊ ရေကြောင်းထိန်းသိမ်းခြင်းတို့အတွက် ပြည်ထောင်စုအဆင့်က လုပ်ပေးနိုင်မှသာ ရမယ်လို့ဆိုသည့်အတွက် ပြည်ထောင်စုအစိုးရအနေနဲ့ ဧရာဝတီမြစ်ကြောင်းခွဲဖြာစီးဆင်းခြင်းများ မဖြစ်ပေါ်စေရေးအတွက် မြစ်ကြောင်းထိန်းသိမ်းရေးကို လုပ်ဆောင်ပေးသင့်ကြောင်းကိုလည်း တိုက်တွန်းအပ်ပါတယ်။

လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံမှာဖော်ပြထားသည့်အတိုင်း သဲသောင်ခုံကို မဖယ်ရှားနိုင်ပါက ဆင်ကျွန်း၊ နန်းတော်ကျွန်း၊ ရွာသာအေး၊ သပြေသာ၊ ဥဒေါင်း၊ စွန်းလွန်းကျေးရွာများကိုပါ တိုက်စားလာနိုင်ဖွယ်ရှိပါတယ်။ လေစောင်းထက် ရေစောင်းက ပို၍ထက်၏ဆိုရိုးအတိုင်း ဖြစ်ပေါ်လာမည်ဆိုပါက လေးမိုင်ခန့်သာကွာဝေးသော မန္တလေးမြို့ကို ဧရာဝတီမြစ်ကြောင်းဟာ ပြောင်းလဲဖြစ်ပေါ်လာပြီး ဆုံးရှုံးမည့်အရေးကို စိုးရိမ်မိတဲ့အတွက် ဆင်ကျွန်းကျေးရွာအား ကမ်းပါးပြိုမှုမဖြစ်ပေါ်အောင် ထိရောက်သောကာကွယ်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်းကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးသန့်စင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်ရဲ့ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာမှ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုခြင်းမဖြစ်ပေါ်အောင် ထိရောက်တဲ့ ကာကွယ်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိမည်ဆိုပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးမည်နည်းဆိုတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော် ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ ဖြေကြားဖို့ရန်အလို့ငှာ Power Point သုံးစွဲခွင့်ပြုဖို့ မေတ္တာရပ်ခံပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆင်ကျွန်းကျေးရွာဟာ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း နုန်းတင်မြေနုကျွန်းပေါ်မှာရှိပြီးတော့ ရေတိုက်စားမှုဒဏ်ကို နှစ်စဉ်ခံစားရတဲ့ရွာဖြစ်ပါတယ်။ ဧရာဝတီမြစ်ရေကြီးချိန်မှာ ဆင်ကျွန်းရွာမြစ်ကမ်းဟာ ရေစီးပွတ်တိုက်စီးဆင်းတဲ့အပြင် ရေနည်းချိန်မှာလည်းပဲ သုံးဆယ်ပေကျေးရွာရှေ့ရှိ သောင်ခုံအားပတ်၍ စီးဆင်းလာတဲ့ ပင်မရေကြောင်းဟာ ဆင်ကျွန်းကျေးရွာကို ဦးတိုက်စီးဆင်းပါတယ်။ ဆင်ကျွန်းကျေးရွာဟာ ရေဦးထိုးတိုက်စားမှုခံရခြင်း၊ မြစ်ကွေး၏ အပြင်ဘက် (Outer Bend) တွင်ရှိတဲ့အတွက်ကြောင့် ကမ်းပါးမြေသားဟာ ရေတိုက်စားမှုခံနိုင်ရည်မရှိတဲ့ သဲနုန်းမြေအမျိုးအစားဖြစ်တဲ့အတွက်ကြောင့် ကမ်းပါးပြိုကျရတာဖြစ်ပါတယ်။ အဲဒီမှာ ဆင်ကျွန်းကျေးရွာရဲ့ မြစ်ကမ်းပါးအခြေအနေကို ကောင်းကင်ဓာတ်ပုံနှိုင်းယှဉ်ချက်အရ ၂၀၀၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၁၂ နှစ်တာကာလအတွင်းမှာ အလျားပေ ၉၀၀၀ နှင့် အကျယ်ပေ ၃၀၀၀ ရှိတဲ့ ကမ်းပြိုခဲ့ပြီးတော့ ကျေးရွာမှာလည်း အကြိမ်ကြိမ်ရွှေ့ပြောင်းခဲ့တဲ့အကြောင်း ၁၂ နှစ်အတွင်းမှာ ရွှေ့ပြောင်းခဲ့တဲ့အကြောင်း တွေ့ရပါတယ်။ အဲဒီပုံမှာတွေ့ရတာဖြစ်ပါတယ်။ နှိုင်းယှဉ်ချက်ပါ။ အဲဒီမှာ အနီရောင်ဟာ မူလတုန်းက ကမ်းဖြစ်ပါတယ်။ အဲဒီအပြာရောင်နေရာဟာ မူလတုန်းက ၂၀၀၄ ခုနှစ်တုန်းက ဆင်ကျွန်းကျေးရွာ အပြာအဝိုင်းလေးဖြစ်ပါတယ်။ အဲဒါအခု ဒီဘက်မှာ အဲဒီအပြာရဲ့အောက်ဘက်မှာ လာပြီးတော့ ကွေ့နေရာမှာ လာပြီးတော့ ရွာကဖြစ်သွားတာဖြစ်ပါတယ်။ ခုနတုန်းက အဲဒီအပြာအဝိုင်းလေးနေရာက သောင်ခုံကိုလည်း ခုတ်သင့်တယ်ဆိုပြီးတော့ လွှတ်တော်အမတ်ကြီးကတော့ တင်ပြသွားပါတယ်။ ဒါက ၂၀၀၄ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် ၁၂ နှစ်အတွင်းမှာ မြစ်တိုက်စားတဲ့ အခြေအနေဖြစ်ပါတယ်။ အဲဒီတော့ ဆင်ကျွန်းကျေးရွာကမ်းပြိုကာကွယ်ရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းဦးစီးဌာနကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ငွေလုံးငွေရင်းရန်ပုံငွေကနေပြီးတော့

မျှောတိုင်တန်းတယ်။ သဲအိတ်ဖြည့်တယ်။ မီတာ ၃၀၀ နှင့် ကျေးရွာရဲ့အထက်မှာ သောင်တူးလုပ်ငန်း ကျင်းပေါင်း ၁၂၅၀၀ ကျော်ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်ရွက်ပေးတဲ့ ရေကာရဲ့အကျိုး သက်ရောက်မှုကြောင့် ဆင်ကျွန်းကျေးရွာရဲ့အထက်ဘက်မှာရှိတဲ့ သုံးဆယ်ပေးရွာရှိ ရှေ့သောင်ခုံဟာ အောက်ဘက်ကိုဆက်ပြီးတော့ ကျလာတယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့် သုံးဆယ်ပေးရွာရဲ့ သောင်ခုံက အောက်ကိုကျလာတယ်။ ဆင်းလာတယ်။ ၁၈-၈-၂၀၁၆ ရက်နေ့မှာ ရေလမ်းတိုင်းတာရေး မြေပုံအရ ဒါတွေ့ရှိရပါတယ်။ သို့သော်လည်းပဲ ဆင်ကျွန်းကျေးရွာရဲ့ ကမ်းပြိုမှုကို အပြည့်အဝ ကာကွယ်ဖို့ရာအတွက် ရေလမ်းကြောင်းပြောင်းလဲရေးလုပ်ငန်းတွေကို ဆောင်ရွက်ရမယ့်အပြင် ယခင်နှစ် ဆောင်ရွက်ထားတဲ့ရေကာရဲ့ အကျိုးသက်ရောက်မှုကို ထိန်းသိမ်းပြီးတော့ ဆင်ကျွန်းကျေးရွာ အရှေ့ဘက်ကမ်းကို သဲနုန်းကျလာစေရန် ရေလွှဲရေကာကို ထပ်ပြီးတော့ တည်ဆောက်ရမှာဖြစ်ပါ တယ်။

ပထမဆောက်ခဲ့တဲ့ ရေလွှဲရေကာ ပေ ၃၀၀ မီတာဆောက်ခဲ့တဲ့ဟာလေး ဖြစ်ပါတယ်။ သောင်က အဲဒီ အောက်ဘက်ကို နည်းနည်းကျလာတယ်ဆိုတဲ့အကြောင်းကို တွေ့ရတာဖြစ်ပါတယ်။ အဲဒီမှာ ဒီကမ်းပြိုမှုကို အထိုက်အလျောက်သက်သာဖို့ဆိုပြီးတော့ ပေ ၁၅၀ သုံးခု Steel Cable Groyne ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကနေ ပြီးတော့ လုပ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် မေလမှာ ဒါပေမဲ့ မြစ်ရေတိုးချိန်ကျတော့ Steel Cable Groyne တွေက ချည်နှောင်ထားတဲ့ သစ်ပင်ကြီးတွေပါ ကမ်းပြိုရာမှာပါသွားပြီးတော့ အဲဒီအချို့ ပျက်စီးတယ်။ ပျက်စီးတာတွေလည်း ကျွန်တော်တို့ ပြန်ပြီးတော့ အချိန်မီပြင်နိုင်ခဲ့ပါတယ်။ အဲဒီတော့ မြစ်ရေပြန်ကျချိန်မှာ ကမ်းပြိုမှုသက်သာစေရန်အတွက် ဆောင်ရွက်ထားတဲ့ Steel Cable Groyne တွေကို ပြောင်းလဲလာတဲ့ ရေကြောင်းပြောင်းလဲမှုနှင့်အညီ လိုအပ်တဲ့နေရာတွေကို ရွှေ့ပြောင်းပြီးတော့ တပ်ဆင်ပေးရမှာဖြစ်ပါတယ်။ ဒါက ကမ်းစားထားတဲ့နေရာတွေ လုပ်ငန်းဒီဇိုင်းပုံတွေ၊ လုပ်ငန်းဆောင် ရွက်ရမယ့် အောက်ကဆိုရင် ဒါစားဖို့ရာအတွက် ဒီဘက်က မြေကြီးက ပြိုဖို့ရာ အဆင်သင့်ဖြစ်နေတဲ့ မြေကြီးမျိုးဖြစ်နေတာတွေ့ရပါတယ်။

မတ္တရာမြို့နယ် ဆင်ကျွန်းကျေးရွာ ကမ်းပြိုမှုကို အပြည့်အဝကာကွယ်ပေးနိုင်ရန်အတွက် ကျေးရွာရှေ့ကို ဆင်းလျက်ရှိတဲ့ ရေစီးကြောင်းက ပြောင်းလဲစီးဆင်းသွားစေဖို့ရာအတွက် သုံးဆယ်ပေး ရွာရှေ့မှာရှိတဲ့ မင်းကွန်းအဝင် ရေလမ်းကြောင်းအထိ အလျားပေ ၃၀၀၀၊ အကျယ် ၇၀ မီတာ အနက် အနိမ့်ရေစင်အောက် သုံးမီတာ မြေသားပမာဏ ကုဗမီတာပေါင်း ကိုးသိန်းကျော်ကို သောင်တူး

လုပ်ငန်းဆောင်ရွက်ရမှာဖြစ်ပြီးတော့ ခန့်မှန်းကုန်ကျစရိတ်က ကျပ် ၄၈၃ သန်း ဖြစ်ပါတယ်။ ဒါ့အပြင် ယခင်က ဆောင်ရွက်ထားတဲ့ ရေလွှဲရေကာကို ထပ်ပြီးတော့ စွမ်းအားမြှင့်တယ်။ မျှောတိုင်တန်းကိုလည်း ထပ်ပြီးတော့ဆက်ရတယ်။ ကျောက်ဖြည့်ရေကာကို မီတာ ၆၀၀ ထပ်ပြီးတော့ ဆက်မှသာ ရေလမ်းကြောင်းက ပြောင်းသွားမှာဖြစ်ပါတယ်။ အဲဒီအတွက်ကလည်းပဲ ၃၂၅ သန်း ဖြစ်ပါတယ်။ ဆင်ကျွန်း ကျေးရွာမှာရှိတဲ့ သဲနုန်းတွေကျဆင်းပြီးတော့ သောင်ဖြစ်ပေါ်လာဖို့ရာအတွက် ဆင်ကျွန်းကျေးရွာအထက်ဘက်မှာ အလျားမီတာ ၆၀၀ ရှိတဲ့ မျှောတိုင်တန်း ကျောက်ဖြည့်ရေကာတာကိုလည်း ထပ်မံပြီးတော့ တည်ဆောက်ရမှာဖြစ်ပါတယ်။ အဲဒါ ၂၄၂ သန်းဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျစရိတ်က ၂၀၁၆-၂၀၁၇ ဒီနှစ် ဘဏ္ဍာရေးနှစ်ထဲမှာတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းခွင့်ပြု ရန်ပုံငွေမှာရော ဒီဝန်ကြီးဌာနရဲ့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှာရော မပါဝင်ခဲ့ပါဘူး။ ဒါက တကယ့်စနစ်တကျလုပ်မယ်လို့ဆိုခဲ့ရင် ခုနတုန်းက အနီကဆောက်လုပ်ထားတဲ့ ရေကာတန်းဖြစ်ပါတယ်။ အဲဒါကို ဒီဘက်ထိတိုးချဲ့လိုက်တဲ့အခါမှာ ရေစီးကြောင်းက အစိမ်းရောင် အတိုင်းပြောင်းသွားမှာဖြစ်ပါတယ်။ အဲဒီမှာ ဆင်ကျွန်းကျေးရွာက ဒီအရှေ့ဘက်ကမ်းမှာဖြစ်ပါတယ်။ ဒီအသစ်တည်ဆောက်ရမယ့်ရေကာလေး အစိမ်းလေးက ဒီဆင်ကျွန်းကို ထပ်ပြီးတော့ မထိအောင် လုပ်ရမှာဖြစ်ပါတယ်။ ဘေးမှာတော့ ဇယားကတော့ တွက်ချက်ထားတဲ့ငွေတန်ဖိုးဖြစ်ပါတယ်။ ဒါကြောင့် ဆင်ကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် အဓိကဆောင်ရွက်ရမယ့်လုပ်ငန်းကတော့ ရေကြောင်းကို ပြောင်းလဲရမှာဖြစ်ပါတယ်။ ရေလမ်းကြောင်းကို ပမာဏကြီးစွာနဲ့ စီးဆင်းတဲ့မြစ်ရေကို ပြောင်းလဲနိုင်ဖို့ရာအတွက်ကတော့ ရေကာတန်းကို သေသေချာချာတည်ဆောက်ရမှာဖြစ်ပါတယ်။ အဲဒါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုဘတ်ဂျက်ကနေပြီး ဘဏ္ဍာငွေရရှိရေးအတွက် တင်ပြတောင်းခံရမှာဖြစ်တဲ့အကြောင်း ရန်ပုံငွေရရှိပါက အဲဒီနှစ်မှာ ပြီးစီးအောင် ဆောင်ရွက်တဲ့အကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မိုက်ပေးပါ။

**ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)**။ ။တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးပါရစေ ခင်ဗျား။ ကျွန်တော်တို့ ကောင်းကင်ဓာတ်ပုံမှတ်တမ်းတွေအရ ကြည့်မယ်ဆိုရင် ဒီလိုတိုက်စားခြင်းဟာ ၁၂ နှစ်အချိန်ထိကို ကြာခဲ့ပါတယ်။ အဲဒီတော့ မြစ်ကြောင်းထိန်းသိမ်းရေးအနေနဲ့ အောက်ခြေကို ဆင်းပြီးမစစ်ဆေးတဲ့အတွက် ဒီလို ဆက်၍ဆက်၍တိုက်စားခြင်းခံနေရတဲ့အပေါ် မြစ်ကြောင်း

ထိန်းသိမ်းရေးအနေနဲ့ အောက်ခြေကိုကွင်းဆင်းပြီး ကြိုကာကွယ်သင့်တဲ့အရာကို ကြိုတင်ကာကွယ်နိုင်ဖို့အတွက် အစီအမံများ ကြိုတင်ပြီးပြုလုပ်ပေးပါရန် ကျွန်တော်တင်ပြအပ်ပါတယ်။

**ဦးသန့်ဇင်မောင်(ပြည်ထောင်စုဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော် အမျိုးသားလွှတ်တော်မှာပဲလား၊ ဒီမှာပဲလားတင်ပြခဲ့ပါတယ်။ ဒီဧရာဝတီမြစ်ကြီးက ၁၉၇၀-၁၉၈၀ ခုနှစ်ကစပြီးတော့ မြစ်ကြောင်းထိန်းသိမ်းရေးဥပဒေကို လိုက်နာမှုအားနည်းခဲ့တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတာလည်း မှန်သင့်သလောက်မှန်ပါတယ်။ ဒီအစိုးရဌာနတွေအနေနဲ့ မြစ်ကြောင်းထိန်းသိမ်းရေးဌာနအနေနဲ့ နှစ်အစဉ်အဆက်အားနည်းခဲ့တာမှန်တယ်လို့ ကျွန်တော်သုံးသပ်ရမှာဖြစ်ပါတယ်။ နောက် ဒီလွန်ခဲ့တဲ့ ၁၀ နှစ် ဘတ်ဂျက်တွေကိုကြည့်တဲ့ အခါမှာလည်းပဲ တကယ်တမ်းကျတော့ ကမ်းပြို၊ ကမ်းထိန်းကာကွယ်ရေးလုပ်ငန်းတွေကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဘတ်ဂျက်များကိုသာ ချထားပေးပြီးတော့ ဗဟိုဘတ်ဂျက်မှာတကယ့်အရင်း အမြစ်ဖြစ်သော ရေလမ်းထိန်းသိမ်းရေးကို Channel Management နဲ့ River Training ပေါ့။ မြစ်ကြောင်းထိန်းသိမ်းရေးလမ်းကြောင်းတွေကို ထိန်းသိမ်းရေးကိစ္စတွေကို အားနည်းခဲ့တယ်ဆိုတဲ့အကြောင်း ကျွန်တော်ရှင်းလင်းတင်ပြလိုပါတယ်။ တကယ်တမ်းဆိုရင် ဒီ Royal Haskoning ပေါ့။ ဒီတကယ်တမ်း ၁၉၈၁-၁၉၈၂ ခုနှစ်လောက်က လေ့လာခဲ့တဲ့ နယ်သာလန်အကြံပေးကုမ္ပဏီအဖွဲ့ပေါ့လေ။ တကယ်တမ်း ကမ္ဘာမှာမြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို အကျွမ်းကျင်ဆုံးနိုင်ငံတွေပေါ့။ နယ်သာလန်တို့၊ ဘယ်လ်ဂျီယံ အဲဒီလုပ်ငန်းတွေဟာ အဲဒီနိုင်ငံတွေကနေပဲ ငှားခဲ့ကြတာပါ။ အဲဒီတုန်းကတည်းက သူကပြောပါတယ်။ ဧရာဝတီမြစ်ကြီးဟာအိုနေပြီ။ တကယ်တမ်း အဲဒီဧရာဝတီမြစ်ကြီးရဲ့ မြစ်ကြောင်းထိန်းသိမ်းရေးတွေအနယ်ကျမှုနှုန်းဟာ ကမ္ဘာပေါ်မှာနံပါတ်(၅)ရှိပါတယ်။ တချို့စာတမ်းတွေက နံပါတ်(၃) အနယ်ကျမှုနှုန်း အများဆုံး၊ အနယ်ကျမှုဟာများတော့ မြစ်ရဲ့ကြမ်းပြင်ဟာ ကြမ်းပြင်ဟာမြင့်တက်လာပြီးတော့ မိုးနည်းနည်းလေးရွာလည်း ရေကကြီးတော့ ရေကမြစ်က တိမ်တိမ်လေးဖြစ်သွားတယ်။ အဲဒီဟာကို တကယ်တမ်း ဒီအကုန်လုံးမြစ်ကိုနက်အောင် တူးရမယ်။ မြစ်ကိုကျဉ်းရမယ်။ နက်အောင်တူးခြင်း၊ ကျဉ်းအောင်လုပ်ခြင်း၊ မြစ်ကြောင်းထိန်းသိမ်းခြင်းက ငွေအများကြီး ကုန်ပါတယ်။ ကြားထဲမှာ ကျွန်တော်တို့ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက ခုနကပြောတဲ့ အတိုင်းပဲ ဘတ်ဂျက်မှာ မြစ်ကြောင်းနဲ့ပတ်သက်တဲ့ ရေကြောင်းပို့ဆောင်ရေးရော၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ထိန်းသိမ်းရေးရော အဲဒီဟာရဲ့ ဘတ်ဂျက်တွေကို ကျွန်တော် လွန်ခဲ့တဲ့ ၁၀ နှစ်က

သုံးခဲ့တဲ့ဟာတွေကို ကြည့်လိုက်တဲ့အခါမှာ အတော်နည်းနေတယ်။ တော်တော့်ကို နည်းတဲ့ဟာကို တွေ့ရပါတယ်။

အဲဒီတော့ အဓိပ္ပာယ်က ကျန်တဲ့ ရထားတို့၊ လေကြောင်းတို့ ကျန်တဲ့ Subsector တွေပေါ့။ ကျန်တဲ့သယ်ယူပို့ဆောင်ရေးကဏ္ဍတွေကိုတော့ သုံးပြီးတော့ ဒီဘက်အခြမ်းမှာ အားနည်းနေတာ တာကိုတွေ့ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့တော့ ဒီငါးနှစ်အတွင်းမှာ မြစ်ကြောင်းထိန်းသိမ်းရေး ကို ပိုပြီးတော့ ငွေရေးကြေးရေး အရင်းအမြစ်တွေပိုပြီးတော့ ရရှိမှုဖြစ်မယ်။ ရင်းနှီးမြှုပ်နှံမှုတွေ ရရှိမှု ဖြစ်မယ်ဆိုပြီးတော့ ကျွန်တော် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီငါးနှစ်အတွင်းလုပ်မယ့် စီမံကိန်း လည်းပဲ ရေးဆွဲပြီးဖြစ်ပါတယ်။ ဒီကြားထဲမှာလည်း ထပ်ပြီးတော့ ဒီတိုင်းပြည်ရဲ့ တကယ့်Royal Haskoning ရဲ့ တင်ပြချက်မှာတော့ အားလုံးပေါင်း ၁၀၀ ကျော်လောက်ရှိတယ်။ တိမ်နေတဲ့နေရာ။ အဲဒါကတော့ သူက Navigation သက်သက်ပဲ။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းလေး ကောင်းရုံလေး ပဲလုပ်ရင် ဘီလီယံ ၁၀၀ ကုန်မှာပါ။ သူက ကျပ်ဘီလီယံ ၁၀၀။ ဒါဟာသိပ်အလွန်များတဲ့ဟာ မဟုတ်ဘူး။ အဲဒီဟာထက် တကယ်ပြဿနာက အခုလောလောဆယ် ရေကြီးရေလျှံမှုတွေ ဖြစ်နေတယ်။ တကယ့်ပြဿနာက ပိုကြီးတယ်။ အဲဒီပြဿနာကတော့ ခုနက Channel Management နဲ့ River Training မြစ်ကြောင်းကိုထိန်းသိမ်းရေးဆိုတဲ့အချက်က ပိုပြီးတော့အရေးကြီးတာ။ အဲဒါကိုလုပ်နိုင်အောင် လုပ်ရမယ်။ အဲဒီအတွက်လည်းပဲ ဘယ်လ်ဂျီယံက အစိုးရကနေပြီးတော့ ဒီဘဏ္ဍာရေးဝန်ကြီးဌာနကတစ်ဆင့် အဆိုပြုထားတာရှိပါတယ်။ အဲဒီမှာကတော့ ဒီချေးငွေယူရှိသန်း ၁၀၀ ကို ၁.၆ ရာခိုင်နှုန်းလောက်နဲ့ ချေးမယ်လို့ပြောပါတယ်။ ဒီလိုဆိုရင် ဒီဟာကတော့ ကျွန်တော်တို့ လုပ်မှုဖြစ်တော့မယ်လို့ ကျွန်တော်လည်း တွက်ထားပါတယ်။ အင်မတန်လည်းခက်တယ်။ လုပ်ငန်း ပမာဏက တအားကြီးပါတယ်။ အဲဒီတော့ အခြားကိုယ့်ရဲ့ Development Partner တွေ အားလုံးနဲ့ တိုင်ပင်ပြီးတော့ ဒီဟာကြီးကိုလုပ်ရမှာဖြစ်ပါတယ်။ လုပ်တဲ့နည်းတွေမှာလည်းပဲ ကျွန်တော်တို့ များစွာ ရှိပါတယ်။ ဒါပေမဲ့ အဲဒီမှာလည်းပဲ ဒီတကယ်တမ်း ဒီအကြံပြုပညာရှင်တွေက ပထမဦးဆုံး Low head Dam တွေလုပ်ဖို့ အရင်အစိုးရ လက်ထပ်ကလည်း စဉ်းစားသလောက်တော့ စဉ်းစားခဲ့ပါတယ်။ ဒါပေမယ့် အဲဒ Low head Dam ကိုလုပ်လိုက်လို့ရှိရင်လည်းပဲ အရမ်းကုန်ကျစရိတ်များပြီးတော့ အောက်ကရေကြီးတာကို တချို့လိုအပ်တဲ့ မြစ်ဝကျွန်းပေါ်ရဲ့ မြေနုကျွန်းကိစ္စတွေမှာရော၊ နှစ်ဖက်လုံး အကျိုးရော၊ အပြစ်ရော အကုန်လုံးကို ချိန်ဆပြီးတော့ သေသေချာချာလုပ်ရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အချိန်ကလည်းအများကြီးမရှိဘူး။ ရေတွေတအားကြီးကြီးတာလည်း ကျွန်တော်တို့က သည်းညည်းမခံ

နိုင်ဘူးဆိုတော့ အဲဒီကိစ္စကိုတော့ ကျွန်တော်တို့ ဒီနှစ်အရေးထားပြီးတော့ ဆောင်ရွက်မှာဖြစ်တဲ့ အကြောင်း။ ခုနကတုန်းက ဒီမြစ်ချောင်းထိန်းသိမ်းရေးဦးစီးဌာနရော အားလုံးကတော့ဖြင့် လေ့လာမှုများစွာအမြဲတမ်းလုပ်နေပါတယ်။ တချို့ဟာတွေက လုပ်ချင်သော်လည်း လုပ်လို့မရတဲ့အနေအထားမျိုးတွေလည်း ရှိနိုင်တယ်ဆိုတာကို ရှင်းလင်းတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးလေးစားပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ ဖြေကြားပေးတဲ့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာတွင် ပုံစံ(၇)ရ လယ်သမား(၁၃၂)ဦး လယ်မြေဧက(၁၇၆၈)ရှိပြီး စိုက်ပျိုးစရိတ်ချေးငွေ (၁၄၁၉)သိန်းကျပ် မထုတ်ပေးနိုင်မှုအပေါ် မည်သည့်ဌာန၊ ပုဂ္ဂိုလ်များ၌ တာဝန်ရှိပြီး မည်သို့အရေးယူမည်နှင့် နောင်ကာလများတွင် မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြသော ပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်း ဖြစ်ပါတယ်။ ဒီနေ့ မေးခွန်းကို မေးရတဲ့အခြေအနေ ဖန်တီးခဲ့ရတဲ့အကြောင်းအရင်းကတော့ ပထမအကြိမ် အစည်းအဝေး ရပ်နားတဲ့ကာလမှာ ပြည်သူ့လွှတ်တော်ဥပဒေ အခန်း(၄) ပုဒ်မ ၉ မှာပါတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်(၈)ချက်ကို ကျွန်တော်ထမ်းပါတယ်။ အဲဒီလို ထမ်းဆောင်ရင်းနဲ့ ကျုံကဒတ်ကျေးရွာကို ရောက်တဲ့အချိန်မှာ ကျုံကဒတ်ကျေးရွာက တောင်သူလယ်သမားများက သူတို့က ပုံစံ(၇)ရပြီးသားပါတဲ့။ ဦးရေ ၁၃၂ ဦးရှိပြီးတော့ လယ်မြေဧက ၁၇၆၈ ဧက ရှိပါတယ်တဲ့။ စိုက်ပျိုးရေးဘဏ်စာရင်းအရ စိုက်ပျိုးစရိတ်ချေးငွေလည်း သိန်းပေါင်း ၁၄၁၉ သိန်း ရဖို့ရှိပါတယ်တဲ့။ အဲဒီစာရင်းဇယားလျှောက်လွှာကိုလည်းပဲ မြို့နယ်စိုက်ပျိုးရေးဘဏ်ကို ၁၃-၆-၂၀၁၆ ရက်နေ့ အရောက် ပို့ခဲ့ပြီဖြစ်ပါတယ်။ ဒါပေမဲ့လို့ ပြန်လေ့လာကြည့်တော့ ကျုံကဒတ်ကျေးရွာရဲ့ လယ်ထွန်ကာလက ဇွန်လအလယ်မှာ ဖြစ်ပြီးတော့ ပျိုးကြဲတဲ့ကာလက ဇွန်လအကုန်မှာ ဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ကာလပြီးသွားတဲ့အချိန်အထိတောင်မှ စိုက်ပျိုးစရိတ် သူတို့မရရှိသေးဘူးလို့ တင်ပြလာတာ ဖြစ်ပါ

တယ်။ ယခုမေးခွန်းမေးဖို့အတွက် စီစဉ်ခဲ့တဲ့ ၃-၇-၂၀၁၆ ရက်နေ့အထိကို ထုတ်မပေးနိုင်သေးပါဘူး။ တကယ်တော့ အဲဒီနေ့အတွက်ကို မှတ်တမ်းတင်ထားလို့ပါ။ ဖုန်းနဲ့နေ့စဉ်ဆက်သွယ်မေးမြန်းတာ ဖြစ်တဲ့အတွက်ကြောင့် နောက်ဆုံး ဘယ်တော့မှပေးသွားလဲဆိုရင် ဩဂုတ်လ ၁၀ ရက်နေ့မှ ထုတ်ပေးသွားတာ ဖြစ်ပါတယ်။ ပြည်ထောင်စု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်ဝန်ကြီးရဲ့ လယ်သမားများအပေါ်မှာ ထားတဲ့စေတနာကို ဒီခန်းမကြီးအတွင်းမှာရှိတဲ့ ပြည်ထောင်စုကိုယ်စားလှယ်အားလုံးက နားလည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စိုက်ပျိုးစရိတ်ချေးငွေကို ခါတိုင်းပေးနေတဲ့ တစ်သိန်းအပြင် ငါးသောင်းတိုးတော့ ဒီနှစ်မှာ တစ်သိန်းခွဲပေးဖို့အတွက် ပြည်ထောင်စုလွှတ်တော်ကြီးမှာ အတည်ပြုစဉ်ကာလက စေတနာကို ကျွန်တော်တို့တွေ့ရှိပြီးဖြစ်ပါတယ်။ ဒီလုပ်ရပ်ကို ကြားသိတဲ့အတွက်လည်း ပြည်သူတစ်ရပ်လုံးကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့ ထောက်ခံခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ကျုံကဒတ်ကျေးရွာကြီးပဲလားဆိုတော့ မဟုတ်ပါဘူး။ ကိုယ်စားလှယ်အချင်းချင်းတွေ့ဆုံဆွေးနွေးကြရာကနေ ငါတို့မြို့နယ်မှာလည်း အဲဒီလို ဖြစ်တာရှိတယ်ဟေ့ဆိုပြီးတော့ ကျွန်တော်ကြားရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစိုက်ပျိုးစရိတ်ချေးငွေသည် အခုနှစ်မှ ပေးတာမဟုတ်ဘဲနဲ့ ရှေးနှစ်ပေါင်းများစွာက ပေးရိုးပေးစဉ် ပေးနေကြလုပ်ငန်းဖြစ်တဲ့အတွက် ဒီလုပ်ငန်းအပေါ်မှာ ဆောင်ရွက်နေတဲ့ဌာန၊ ပုဂ္ဂိုလ်များသည် အကျွမ်းဝင်ရင်းနှီးပြီးသားလို့ ကျွန်တော်တို့ ယူဆပါတယ်။ ဒါပေမဲ့လို့ အခုလို ဝန်ကြီးရဲ့စေတနာကို ပံ့ပိုးပေးခြင်းမဖြစ်ဘဲနဲ့ စေတနာကို အထင်မှားစရာဖြစ်လာအောင် အချိန်နှင့်တစ်ပြေးညီ မချေးပေးနိုင်ခြင်းကတော့ ဖြင့် သံသယဖြစ်စရာကောင်းတယ်လို့ ကျွန်တော်တို့ ပြည်သူများကယူဆပါတယ်။ ဒါကြောင့် (က) အခုလိုမျိုး စိုက်ပျိုးစရိတ်ချေးငွေကို စိုက်ပျိုးစရိတ်ကာလမတိုင်မီ အချိန်မီမချေးပေးနိုင်သည့်အပေါ်တွင် မည်သည့်ဌာန၊ ပုဂ္ဂိုလ်များ၌ တာဝန်ရှိသည်ကိုလည်းကောင်း၊ (ခ) ထိုပေါ့လျော့မှုကို တာဝန်ရှိတဲ့ဌာန၊ ပုဂ္ဂိုလ်များကို မည်သို့မည်ပုံ အရေးယူပေးမယ်ဆိုတာကိုလည်းကောင်း၊ (ဂ) နောက်ကာလများမှာ ထိုကဲ့သို့ မဖြစ်ဖို့အတွက်ကို ဘယ်လိုမျိုးစီမံဆောင်ရွက်ထားမယ်ဆိုတာကို လယ်သမားပြည်သူတို့ရဲ့ ကိုးစားယုံကြည်မှုကို အရေးထားလျက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးထံသို့ မဲဆန္ဒရှင်လယ်သမားပြည်သူတို့ကိုယ်စား ကျွန်တော် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်ကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ သံဖြူဇရပ်မြို့နယ်၊ ကျုံကဒတ်ကျေးရွာမှာ ပုံစံ(၇)ရရှိပြီး လယ်သမား ၁၃၂ ဦးအတွက် စိုက်ပျိုးစရိတ်ချေးငွေကို အချိန်နှင့်တစ်ပြေးညီ ရွာလုံးကျွတ်မထုတ်ပေးနိုင်မှုနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပဲ ဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့အကြောင်းကို အနည်းအကျဉ်းပြောရမယ်ဆိုရင် ၁၉၉၇ ခုနှစ်ကနေစပြီးတော့ ကျွန်တော်တို့ရဲ့ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနအောက်ကို ရောက်ခဲ့တာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးဖို့ရာအတွက် လိုအပ်တဲ့ရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်ကနေပြီး အတိုးနဲ့နှစ်စဉ်ချေးယူရပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်းပဲ ဘဏ္ဍာရေးနှစ်မစတင်မီ တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြတဲ့ရန်ပုံငွေကို ဝန်ကြီးဌာနကိုတင်ပြပြီး ဝန်ကြီးဌာနကတစ်ဆင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြရပါတယ်။ မိုးချေးရန်ပုံငွေအတွက် စတင်တင်ပြစဉ်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၁၄-၃-၂၀၁၆ ရက်နေ့မှာ တင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးရုံးက ၂၇-၃-၂၀၁၆ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့တာဖြစ်ပါတယ်။ ၄-၄-၂၀၁၆ ရက်နေ့မှာ ရန်ပုံငွေရရှိရေးကိစ္စကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထပ်မံတင်ပြခဲ့တဲ့အခါမှာ တစ်ဧကချေးငွေနှုန်းထားကိစ္စ၊ အတိုးနှုန်းသတ်မှတ်ရေးဆိုင်ရာကိစ္စများနှင့် အဆင့်ဆင့်ညှိနှိုင်းမှုများပြီးတဲ့နောက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က သဘောတူညီပြီး ဆက်လက်ဆောင်ရွက်ရန်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၃-၅-၂၀၁၆ ရက်နေ့မှာ အကြောင်းကြားစာပေးပို့လာခဲ့ပါတယ်။ ဒီနှစ်အတောအတွင်း အစိုးရသစ်တာဝန်ယူစဉ်ကာလအတွင်းမှာ ချေးငွေကိုတိုးမြှင့်ပေးရန်ဆောင်ရွက်တဲ့အတွက် အကြောင်းကြားစာညှိနှိုင်းပေးပို့တဲ့နေ့ဟာ မေလ(၅ လပိုင်း)ကျမှ ရရှိခဲ့တာဖြစ်ပါတယ်။ ယခုနှစ်ဘဏ္ဍာနှစ်မှာ မိုးဆောင်း၊ မိုးကြိုစုစုပေါင်းအတွက် ကျပ် ၁၇၁၆ ဘီလီယံကျော်တင်ပြခဲ့သော်လည်းပဲ ခွင့်ပြုချက်ရရှိငွေမှာ ကျပ် ၁၇၀၀

**မူကြမ်း**

ဘီလီယံဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်မှ ကျပ် ၁၂၀၀ ဘီလီယံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် ၅၀၀ ဘီလီယံချေးပေးမည်လို့ ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ မိုးချေးငွေအတွက် မြို့နယ်ဘဏ်ခွဲ ၂၀၈ ဘဏ်ရဲ့ Drawing Limit ကိုအမြန်ဆောင်ရွက်ပြီး မြန်မာ့စီးပွားရေးဘဏ်ကိုပေးပို့ခြင်း၊ ဘဏ်ခွဲများသို့ ရန်ပုံငွေခွင့်ပြုစာများနှင့် ချေးငွေညွှန်ကြားစာများဖြန့်ဝေခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်မှလည်း Drawing Limit များကို အမြန်ဆောင်ရွက်ပေးခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ထုတ်ချေးနိုင်တဲ့ရက်ဟာ ၅ လပိုင်း ၁၆ ရက်နေ့ကစပြီး ၂၀၁၆ ခုနှစ် မိုးချေးငွေများကို စတင်ထုတ်ချေးနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ် မိုးချေးငွေမူလလျာထားချက်က ကျပ် ၁၄၆၄ ဘီလီယံဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်က ထုတ်ချေးပေးမယ့် ကျပ် ၁၂၀၀ ဘီလီယံကို အကုန်ခွဲဝေပေးခဲ့ပြီးတဲ့နောက် ဇူလိုင်လဆန်းမှစ၍ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ မိုးချေးငွေအတွက် အပြီးသတ်လိုငွေလျာထားချက်ကို ထပ်မံတောင်းခံခဲ့ရပါတယ်။ အကြောင်းအရင်းကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကချေးပေးမယ့် ကျပ် ၅၀၀ ဘီလီယံသာကျန်တော့မှာဖြစ်တဲ့အတွက် ၎င်း ၅၀၀ ဘီလီယံထဲမှ ဆောင်းနှင့်မိုးကြိုအတွက်ချန်ပြီး အမှန်တကယ်မိုးချေးမည့်ငွေကို အနီးစပ်ဆုံးခန့်မှန်းလို၍ပဲဖြစ်ပါတယ်။ မလိုအပ်ဘဲနဲ့ မိုးချေးငွေ Drawing Limit များပြားသွားပါက ဆောင်းနှင့်မိုးကြိုတွင် သုံးစွဲ၍မရတော့ခြင်းနှင့် ဘဏ်က တင်ပြတဲ့ငွေကို မြန်မာ့စီးပွားရေးဘဏ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အတိုးဖြင့်ထပ်ဆင့် ချေးယူရမည်ဖြစ်ရာ မလိုအပ်ဘဲမြန်မာ့စီးပွားရေးဘဏ်က အတိုးပေးနေရခြင်းမျိုးမဖြစ်စေရန်အတွက် လည်းစောင့်ရှောက်ထိန်းသိမ်းခဲ့ရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များရဲ့တင်ပြချက်အရ မိုးချေးငွေ အပြီးသတ်လိုအပ်ချက်မှာ ကျပ် ၁၄၂၁.၃၉ ဘီလီယံဖြစ်ကြောင်း သိရှိရပါတယ်။ သို့ပါ၍ မိုးရန်ပုံငွေခွဲပေးထားတဲ့ မြန်မာ့စီးပွားရေးဘဏ်ငွေကျပ်ဘီလီယံ ၁၂၀၀ ၏ ၆၄ ရာခိုင်နှုန်းချေးပေးပြီးဖြစ်တဲ့ ဇူလိုင်လဆန်းမှစ၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့စာအမှတ်၊ နစ/၁/၁၅၈၅ နှင့် မိုးအတွက်ထပ်မံလိုငွေကျပ် ၂၂၁.၃၉ ဘီလီယံ မြန်မာ့စီးပွားရေးဘဏ်ကို ထပ်မံတောင်းခံခဲ့ပါတယ်။ မြန်မာ့စီးပွားရေး ဘဏ်က စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို အဆင့်ဆင့်တင်ပြပြီး ငွေလုံလောက်တဲ့ အခြေအနေမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူခြင်းမပြုတော့ဘဲယင်းတို့ငွေဖြင့်ပင် ထပ်မံခွင့်ပြုပေးတော့မည်ဖြစ်ကြောင်း ဩဂုတ်လဆန်းမှ သိရှိခဲ့ရပါတယ်။ တစ်မြို့နယ်ချင်း Drawing Limit များကို ဤဘဏ်က ဇူလိုင်လ ၂၉ ရက်နေ့မှာ မြန်မာ့စီးပွားရေးဘဏ်သို့ ကြိုတင်ပေးပို့ထားပြီး ဖြစ်တဲ့ အတွက် ဩဂုတ်လ ပထမပတ်မှာ ရန်ပုံငွေခွင့်ပြုချက်များရရှိပြီးယခုအခါမှာ ချေးငွေများဆက်လက် ထုတ်ချေးနေပြီဖြစ်ပါတယ်။ ခန့်အပ်ထားတဲ့ဝန်ထမ်းဦးရေ

အနေအထားအရလည်း ကျေးရွာအုပ်စုအများအပြားကို တစ်ပြိုင်နက်တည်း ထုတ်ချေးနိုင်မှာ မဟုတ်တဲ့အတွက် ရက်အလိုက်စီစဉ်၍သာ သတ်မှတ်ထုတ်ချေးနေရတာ ဖြစ်ပါတယ်။

သံဖြူဇရပ်မြို့နယ်မှာကျေးရွာအုပ်စု ၂၂၊ ကျေးရွာပေါင်း ၄၀ ရှိပြီး အထက်ပါအစီအစဉ်အတိုင်း ထုတ်ချေးပေးလျက်ရှိပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ မိုးချေးငွေကာလမှာ မေလမှ စက်တင်ဘာလအထိဖြစ်ပါတယ်။ ယခင်က မိုးချေးငွေကာလဟာ ဧပြီလမှ ဩဂုတ်လအထိဖြစ်ပြီး ဧပြီလမှာစတင်ပြီးတော့ ငွေစတင်ထုတ်ချေးနိုင်ခဲ့တာဖြစ်ပါတယ်။ ငွေအများဆုံးထုတ်ချေးတဲ့ကာလက မေလ၊ ဇွန်လနှင့် ဇူလိုင်လများဖြစ်ပါတယ်။ ဘဏ်ချေးငွေမူစနစ်အရ အချိန်စေ့ချေးငွေပြေကြေသူကိုသာ ချေးငွေသစ်ထုတ်ပေးပါတယ်။ ယခင်က အချိန်မီပြေကြေခဲ့မြဲဖြစ်သော်လည်းပဲ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ တောင်သူလယ်သမားများအနေနဲ့ အပေးအဆပ်နောက်ကျလာပြီး ဘဏ်မှစောင့်ဆိုင်း၍ချေးနေရသဖြင့် တောင်သူအားလုံးကို ချေးပေးနိုင်ရန်လည်းကောင်း၊ ချေးငွေရန်ပုံငွေရရှိမှုမှာ နောက်ကျလာသဖြင့်လည်းကောင်း ချေးငွေကာလကို မေလမှစက်တင်ဘာလအထိ ပြောင်းလဲ သတ်မှတ်ခဲ့ရခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တောင်သူလယ်သမားများကို ချေးငွေတစ်ရပ် မြန်ဆန်စွာထုတ်ချေးနိုင်ရေးအတွက် အဓိကမူတည်နေတဲ့အချက်များမှာ လိုအပ်တဲ့ချေးငွေရန်ပုံငွေကို မြန်မာ့စီးပွားရေးဘဏ်မှ အချိန်မီရရှိရေးနှင့် တောင်သူလယ်သမားများက အချိန်စေ့ငွေကို အချိန်မီပေးဆပ်နိုင်ရေးတို့အတွက် အဓိကတည်မှီနေပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ မတည်ရင်းနှီးငွေဟာ တကယ်တော့ ၉.၅ ဘီလီယံသာရှိပြီး တောင်သူသို့ချေးငွေဖြစ်တဲ့ မိုးဆောင်း၊ မိုးကြိုစုစုပေါင်း ကျပ် ၁၇၀၀ ဘီလီယံကို ချေးငွေရန်ပုံငွေရရှိဖို့ရန်အတွက် နှစ်စဉ်နှစ်တိုင်းအဆင့်ဆင့် တင်ပြတောင်းခံပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ ယခင်နှစ်က စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၂၀၀ ဘီလီယံကို မြန်မာ့စီးပွားရေးဘဏ်မှ ကျပ် ၈၀၀ ဘီလီယံနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ် ၄၀၀ ဘီလီယံထုတ်ချေးရန် ကနဦးခွင့်ပြုချက်ရရှိခဲ့သော်လည်းပဲ တောင်သူလယ်သမားများရဲ့ ယခင်နှစ်ချေးငွေများ ပြန်ဝင်လာတဲ့အတွက် ချေးငွေအားလုံးကို မြန်မာ့စီးပွားရေးဘဏ်တစ်ခုတည်းကသာလျှင် ချေးယူရရှိခဲ့ပါတယ်။ တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ရင်းနှီးငွေ လုံလောက်မှုမရှိသည့်အတွက် ငွေကြေးရရှိရေးကို အထက်ပါအတိုင်း အဆင့်ဆင့်ဆောင်ရွက်နေရပါ၍ တောင်သူများသို့ ချေးငွေထုတ်ချေးပေးရာတွင် ကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ပါတယ်။

မွန်ပြည်နယ်အနေဖြင့် ချေးငွေပေးဆပ်မှုအခြေအနေ ကောင်းမွန်သည့်၊ အစဉ်အလာကောင်းမွန်သည့်အစဉ်အလာရှိပါသော်လည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ်အနေဖြင့် ချေးငွေရရှိရေးဆောင်ရွက်ရာမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ရသည်မဟုတ်ဘဲ တစ်နိုင်ငံလုံးအတွက် အထက်ဖော်ပြပါအတိုင်း ခြုံငုံ၍သာဆောင်ရွက်ရခြင်းဖြစ်တဲ့အတွက် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ် ကျုံကဒတ်ကျေးရွာ ချေးငွေကို ၁၁-၈-၂၀၁၆ ရက်နေ့မှသာ ထုတ်ချေးပေးရန်အလှည့်စဉ်ကျရောက်တဲ့အတွက် တောင်သူများအတွက် နှောင့်နှေးကြန့်ကြာစွာ ထုတ်ချေးပေးနိုင်ခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျုံကဒတ်ရွာ ချေးငွေထုတ်ချေးခြင်းကိစ္စမှာ ဝန်ထမ်းများ ပေါ့လျော့မှုနှင့် လွဲချော်မှုကြောင့်မဟုတ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားများအား သတ်မှတ်ကာလအတွင်း ချေးငွေအချိန်မီထုတ်ချေးနိုင်ရေးအတွက် အဆင့်ဆင့်တင်ပြညှိနှိုင်းဆောင်ရွက်နေရပါသဖြင့် လုပ်ငန်းသဘောအရ ကြန့်ကြာမှုရှိခဲ့ရခြင်း ဖြစ်ပါတယ်။ လက်ရှိဝန်ထမ်းအင်အားမလုံလောက်မှုဟာလည်း ချေးငွေထုတ်ချေးပေးတဲ့နေရာမှာ ကြန့်ကြာမှုတွေဖြစ်ရပါတယ်။ ထိုသို့ ကြန့်ကြာမှုတွေ၊ လွဲချော်မှုတွေ မဖြစ်စေရန်အတွက် ဝန်ကြီးဌာနကို စတင်ပြီးရောက်စဉ်ကတည်းက မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ဟာ ကြားဖြတ်ပြီးတော့ပြောရမယ်ဆိုရင် ကျွန်တော်တို့ဆီကို တင်ပြတဲ့အကြံဉာဏ်ပေးသော ဘဏ်လုပ်ငန်းပညာရှင်များရဲ့အကြံဉာဏ်ကိုရခဲ့ပါတယ်။ ရရှိခြင်းမှာလည်းပဲ ကျွန်တော်တို့ တစ်တွေက အစိုးရအဖွဲ့ကိုတင်ပြပြီးတော့ နောင်တစ်ချိန်မှာကောင်းမွန်သောစနစ်ကို ဘယ်လိုဆောင်ရွက်မလဲ။ ဒီတော့ ပထမမေးခွန်းအရ ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ဆီမှာ မေးခွန်းထဲမှာပါတဲ့ ဘယ်သူ့အပေါ်မှာတာဝန်ရှိသလဲဆိုရင် စနစ်မှာအားနည်းချက်ရှိပါတယ်။ ဒီစနစ်ကြီးတစ်ခုလုံးကို ပြုပြင်ပြောင်းလဲဖို့ရန်လိုတဲ့အတွက် ဘယ်လိုဆောင်ရွက်ထားသလဲဆိုတဲ့ပြဿနာနှင့်ပတ်သက်လို့ကတော့ ကျွန်တော်တို့ဟာ ဒီဘဏ်ကြီးကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်မှာ ထားရှိပြီးတော့ဆောင်ရွက်ရင် ပိုမိုပြီးတော့ သွက်လက်လျင်မြန်ချောမွေ့မယ်လို့ဆောင်ရွက်တဲ့အတွက် စီမံဆောင်ရွက်တဲ့လုပ်ငန်းကို ပြီးခဲ့တဲ့လများအတွင်းကပဲ ကြိုတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့အစည်းအဝေးမှာ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း ညှိနှိုင်းဆောင်ရွက်ပြီးတော့ ဒီလုပ်ငန်းကြီးကိုချောချောမွေ့မွေ့ဖြစ်အောင် ကျွန်တော်တို့ဆီကိုလည်းပဲ ဒါဒီမှာကြားဖြတ်ပြီးပြောရမယ်ဆိုရင် ဒီလွှတ်တော်ကနေ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကလည်းပဲ ဒီဘဏ်ချေးငွေနှင့် ပတ်သက်ပြီးတော့ အကြောင်းအရာလေးမျိုးပြောပါတယ်။ ကျွန်တော်တို့က Feasible Study လေ့လာပြီးတဲ့အခါမှာ

အချို့သောလုပ်ရပ်များသည် ဆောင်ရွက်နိုင်မှုမရှိပါဘူး။ ဝန်ထမ်းအင်အားနည်းပါးတာ။ ဘဏ်ကိုယ်တိုင်ကိုက ဟိုအရင်တုန်းက ရရှိတဲ့အမြတ်ငွေကို နိုင်ငံတော်ကို ၇၅ ရာခိုင်နှုန်းသုံးရတဲ့အတွက် အခုလို ဘီလီယံ ၁၇၀၀ ချေးတဲ့အခါမှာ ၉.၅ ဘီလီယံရှိနေတဲ့ ဘဏ်ကလေးကနေကိုင်တွယ်ပြီးချေးနေရတယ်ဆိုတာဟာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ ဒါကြောင့်မိုလို့ ကျွန်တော်တို့ အနေနဲ့ဒီလုပ်ငန်းကြီးအပေါ်မှာ တာဝန်ရှိမှုအပိုင်းကပြောလို့ရှိရင် စနစ်ကိုပြုပြင်မှုဖြစ်မယ်ဆိုတာကို ကြိုတင်မျှော်မှန်းပြီးသားဖြစ်တဲ့အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီးတော့ ပြောပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း မိမိရဲ့ဘဏ်တစ်ခုတည်းတင်သာမကဘဲနဲ့ လူအင်အားအရေအတွက်ပါ ပူးပေါင်းဆောင်ရွက်နိုင်တဲ့ Joint Venture စနစ်ကို ပြီးခဲ့တဲ့အပတ်က စီးပွားရေးကော်မတီမှ တင်ပြခဲ့ပါတယ်။ နောက်ဆုံးပိတ်အနေနဲ့ပြောရရင် ပြည်သူများသိရှိအောင်ပြောမယ်ဆိုရင်တော့ ဒီစီးပွားရေးကော်မတီကနေမှ ဖြစ်နိုင်ခြေတွေကို သေသေချာချာလေ့လာပြီးမှနောင်တစ်ချိန်မှာ ဒီလိုမဖြစ်အောင် ဆောင်ရွက်သွားမယ့်အစီအစဉ်များကိုဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဉာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒါပေမယ်လို့ ဘာနဲ့သွားတူနေလဲဆိုတော့ ရှေ့နေငှားမှ ထောင်လုံးလုံးကျသလိုဖြစ်နေပါတယ်။ တောင်သူလယ်သမားတွေဟာ သူတို့စိုက်ပျိုးစရိတ်ချေးငွေကို ထွန်တဲ့အခါလည်းမရ၊ ပြိုးကြဲတဲ့အခါလည်းမရ စိုက်ပျိုးပြီးတဲ့အချိန်ထိတောင်မရဘဲနဲ့ ပြီးတဲ့လ ၁၀ ရက်မှရတာကို မကျေမနပ်ဖြစ်တာကို ကျွန်တော်တင်ပြရတာပါ။ အဲဒီတော့ ဘာတွေ့ရလဲဆိုရင် ဒီစိုက်ပျိုးရေးဘဏ်ကလည်းပဲ မြန်မာ့စီးပွားရေးဘဏ်ကနေအတိုးနဲ့ ချေးရတဲ့အတွက်လို့ ဝန်ကြီးကဖြေသွားပါတယ်။ လောလောဆယ်လယ်သမားတွေက အပြင်မှာအတိုးကြီးနဲ့ချေးပြီးတော့ စိုက်လိုက်တာပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော်ဖြစ်စေချင်တာကတော့ စနစ်မကောင်းလို့ ဖြစ်သွားပြီဆိုတဲ့ တရားခံကိုတော့ ကျွန်တော်တို့တွေ့ပါတယ်။ ဒါပေမဲ့လို့ ဘယ်လိုပဲပြောပြော ကတိကဝတ်အတိုင်းမဖြစ်လိုက်တဲ့အပေါ်မှာ တောင်သူလယ်သမား ကျုံကဒတ်ကျေးရွာမှာရှိတဲ့ တောင်သူလယ်သမားများကိုတော့ဖြင့် ပြေပြေလည်လည်နဲ့တောင်းပန်မှုပြုစုဖို့သင့်ပါတယ်လို့ ကျွန်တော်ဆောင်ရွက်ပေးဖို့ရှိ/မရှိကို ထပ်ဆင့်မေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**မူကြမ်း**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော် စောစောတုန်းကပြောပြီးပါပြီ။ ဒီဟာက ဒီတစ်နယ်တည်းရဲ့ ဖြစ်တဲ့ဖြစ်စဉ်မဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ထုတ်ပေးတဲ့ကာလက စက်တင်ဘာလအထိဖြစ်တဲ့အတွက် ဒီလိုပဲ စက်တင်ဘာလအထိ နောက်ကျတဲ့ကျေးရွာပေါင်း ကျန်ခဲ့အုံးမှာဖြစ်ပါတယ်။ ကြွေးမကျေလို့ ကျန်ခဲ့တဲ့ရွာများလည်းရှိမှာဖြစ်ပါတယ်။ ဒီတော့ ဒီတစ်ခုတည်းကို ကျွန်တော့်အနေနဲ့ ဒီမှာရှင်းလင်းပြခြင်းသည် သူတို့ တစ်တွေလက်ရှိအနေအထားကို ပြောခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီဟာကို စနစ်ကိုပြောရခြင်းရဲ့အကြောင်းအရင်းသည် ဒီဟာကို အားနည်းချက်ရှိနေတဲ့အကြောင်းအရာလေးကို တင်ပြခြင်းသာလျှင် ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်ရဲ့ လုပ်ငန်းစဉ်ဟာ ကျွန်တော်တို့ စက်တင်ဘာလကုန်မှာပြီးဆုံးမှာဖြစ်တဲ့အတွက် ဒီချေးငွေနဲ့လုပ်ငန်းဟာ အခု ကျွန်တော်တို့တင်ပြသလိုပါပဲ။ ကျွန်တော်တို့တစ်တွေဟာ မိုးစပါးကိုစိုက်ပျိုးတယ်ဆိုလို့ရှိရင် အရင်တုန်းကတော့ ညှိနှိုင်းခဲ့တဲ့အချိန်ဟာ။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးက တိုတိုနဲ့လိုရင်းပဲ ဖြေလိုက်ပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့ပါ။ ဒီတော့ ကျွန်တော်တို့အနေနဲ့ တင်ပြဖို့ရာအတွက် စက်တင်ဘာလအထိချေးငွေတွေဖြစ်နေတဲ့ ကျွန်တော်တို့အနေနဲ့ တင်ပြဖို့ရန်အစီအစဉ်မရှိကြောင်း တင်ပြပါတယ်။

**တန့်ဆည်မြို့နယ်ရှိ စည်တုံးလုံးချောင်းကူးတံတားကြီးကို နိုင်ငံတော်မှ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်ထွန်း(တန့်ဆည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်တို့မြို့နယ်မှာ မြို့ရဲ့မြောက်ဘက်သုံးမိုင်ခန့်အကွာမှာ စည်တုံးလုံးချောင်းဆိုတာရှိပါတယ်။ ဒီချောင်းကြီးဟာ တန့်ဆည်မြို့နယ်ရဲ့ အနောက်ကနေအရှေ့ကို အစအဆုံး ဖြတ်သန်းသွားပြီးမှ မူးမြစ်ထဲကို စီးဝင်သွားပါတယ်။ ဒီချောင်းကြီးရဲ့မြောက်ဘက်မှာ ကျေးရွာပေါင်း ၆၂ ရွာ၊ အိမ်ထောင်စုပေါင်း တစ်သောင်းကျော်နဲ့ လူဦးရေပေါင်း ငါးသောင်းကျော် ရှိပါတယ်။ တန့်ဆည်မြို့နယ်တစ်ခုလုံးရဲ့ လူဦးရေသုံးပုံတစ်ပုံခန့်ကို ဒီချောင်းကြီးက မြို့နဲ့အဆက်အသွယ် ပြတ်တောက်

စေပါတယ်။ ဒါ့အပြင် ဒီချောင်းကြီးဟာ ရွှေဘို-ရေဦး-တန့်ဆည်-ကျွန်းလှကို ဆက်သွယ်ဖို့ ဖောက်လုပ်ထားတဲ့ လမ်းမကြီးပေါ်မှာ ကန့်လန့်ဖြတ်တည်ရှိနေပါတယ်။ အဲဒီလမ်းမကြီးဟာ ကပ်တရာတွေ၊ ကျောက်တွေခင်းထားသော် ငြားလည်းပဲ ချောင်းကြီးကကန့်လန့်ခံနေတဲ့အတွက် ထင်သလောက် ခရီးပေါက်ရောက်မှု မရှိဖြစ်နေပါတယ်။ ဒီချောင်းကြီးဟာ မိုးရာသီမှာရေစီးသန်တဲ့ အတွက် ကျောင်းသား ကျောင်းသူတွေ ကျောင်းသွားရခက်ခဲတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ ရုံးကိစ္စ၊ ကောက်ပဲသီးနှံသယ်ယူရေးကိစ္စတွေမှာလည်း အခက်အခဲတွေဖြစ်ပေါ်စေပါတယ်။ ကျွန်တော့်ကို Power Point သုံးစွဲခွင့် ပြုပါခင်ဗျား။ ဒါမိုးရာသီမှာ ရိုက်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ဒါဟာ လမ်းမကြီးဖြစ်ပါတယ်။ အဲဒီတော့ ဒီချောင်းကြီးကို ကျွန်တော်တို့ တံတားဆောက်လိုက်မယ်ဆိုရင် မြို့နယ်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းသွားရုံမကဘဲနဲ့ ကျွန်းလှမြို့နယ်အပြင် ကန့်ဘလူမြို့နယ်အထိပါ သွားလမ်းလာလမ်းပွင့်သွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီချောင်းကြီးအပေါ်မှာ တံတားတစ်စင်း မရှိမဖြစ် လိုအပ်တယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ အစိုးရကသာ ဒီချောင်းကြီးကို တံတားထိုးပေးမယ်ဆိုရင် ကျွန်တော်ဒီငါးနှစ်အတွင်းမှာ ဘာမှတောင်းမပေးတာတောင်မှ ကျွန်တော့်ကို ကျေးဇူးတင်နေမှာအမှန်ပါပဲ။ ကျွန်တော်တို့ အစိုးရသစ်ကိုလည်း ကျေးဇူးတင်နေမှာပါ။ ဒါကြောင့် ကျွန်တော်လောဘကြီးပြီးတော့ လာမည့်နှစ်ဆောက်ပေးပါလို့ မတောင်းဆိုလိုပါဘူး။ နိုင်ငံတော် ဘတ်ဂျက်နည်းတဲ့အတွက် ကျွန်တော်တို့ အစိုးသစ်သက်တမ်းငါးနှစ်အတွင်း ဆောက်ပေးနိုင်ရင်ကောင်းမှာပဲလို့ ကျွန်တော်မျှော်လင့်ရင်းနဲ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ တန့်ဆည်မြို့နယ်ရှိ စည်တုံးလုံးချောင်းကူးတံတားကြီးကို နိုင်ငံတော်မှဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ ဦးမြင့်ထွန်းအနေနဲ့ အခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးမှာ စိတ်ပါဝင်စားစွာနဲ့ ကျေးရွာများကို ကွင်းဆင်းစစ်ဆေးပြီး မေးမြန်းတဲ့အတွက် အထူးပင်ကျေးဇူးတင်

ရှိပါတယ်။ တန့်ဆည်မြို့နယ်၊ စည်တိုးလုံးချောင်းဟာ တန့်ဆည်မြို့နယ်မှ ငါးမိုင်ကွာဝေးတဲ့ နဘက်ကျေးရွာမြောက်ဘက်မှ ဖြတ်သန်းစီးဆင်းပြီး မူးမြစ်အတွင်းသို့စီးဝင်တဲ့ ချောင်းဖြစ်ပါတယ်။ ချောင်းအပြင်မှာ ပေ ၇၀၀ ရှိပြီး တံတားတည်ဆောက်ထားခြင်းမရှိပါကြောင်းနှင့် ချောင်းရေနည်းချိန်မှာ တစ်ပေခန့်သာဖြတ်သန်းစီးဆင်းလျက်ရှိပြီး ကားများ၊ ဆိုင်ကယ်များ ချောင်းအတွင်းမှ ဖြတ်သန်းစီးဆင်းလျက်ရှိပါတယ်။ မိုးရာသီမိုးများသည့်အချိန်မှာ ချောင်းရေမှာ ခုနစ်ပေခန့်ရှိပြီး သုံးရက်ခန့် ကားများ၊ ဆိုင်ကယ်များ ဖြတ်သန်းနိုင်ခြင်းမရှိဘဲ ရေကျချိန်မှသာ ဖြတ်သန်းသွားလာနိုင်တယ်လို့ တွေ့ရပါတယ်။ အဆိုပါချောင်းမှာ သဲကြောထုထူသဖြင့် Bore Pile၊ သံဘောင်ယက်မ၊ သစ်သားတံတား (၇၀၀ ပေ x ၁၄) ပေဆောင်ရွက်ရမှာဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ် ၁၀၅၀ သန်း ကုန်ကျမှာဖြစ်ပါတယ်။ တံတားတည်ဆောက်ပါက အကျိုးပြုမည့်ကျေးရွာ ၆၂ ရွာ၊ အိမ်ခြေပေါင်း ၁၀၁၃၀ လုံး၊ လူဦးရေပေါင်း ၅၂၆၅၇ ဦးတို့ကို အကျိုးပြုမှာဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေအဖြစ် လျာထားဆောင်ရွက်ထားခြင်းမရှိပါကြောင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအခြေအနေအရ လျာထားဆောင်ရွက်နိုင်ရန် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၆၅၂၀.၇၂ သန်းနဲ့ ကွန်ကရစ်လမ်းပေါင်း ၅ မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်းပေါင်း ၂၀ မိုင် ၄ ဖာလုံ၊ ကျောက်ချောလမ်း ၁၀၁ မိုင် ၃ ဖာလုံ၊ ဝဝံ/မြေနီလမ်း ၃၈ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၁၀၉ မိုင် ၂ ဖာလုံ၊ ကွန်ကရစ်တံတား ၄၇ စင်း၊ သစ်သားတံတား ၉၃ စင်း၊ ရေပြွန် ၆၅ စင်းနဲ့ ရေကျော် ၄၄ စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ တန့်ဆည်မြို့နယ်အတွက်ကတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၈၉.၃၄ သန်းသာဖြစ်ပြီး ကတ္တရာလမ်း ၁ မိုင် ၄ ဖာလုံနဲ့ မြေသားလမ်း ၄ မိုင်၊ ကွန်ကရစ်တံတားတစ်စင်းနဲ့ သစ်သားတံတားနှစ်စင်းတို့ကို လျာထားဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအနေအထားမှာ ပြည်ထောင်စုအဆင့်အနေနဲ့ လမ်း၊ တံတားလုပ်ငန်းများနဲ့ပတ်သက်ပြီး လမ်းအမျိုးအစားနဲ့ လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်း၊ တံတား စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်း၊ လမ်းပိုင်ဆိုင်မှုနယ်နိမိတ်သတ်မှတ်ခြင်းအပြင် Strategy and Investment Plan များ ရေးဆွဲကာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုအဆင့်သတ်မှတ်ချက် Criteria နှင့်အညီ ဦးစားပေးရွေးချယ်ခြင်းကို ပြည်နယ်/တိုင်းဒေသကြီးမှ သက်ဆိုင်သူအဖွဲ့အစည်းများ ပါဝင်

ဆွေးနွေးပြီးတော့ နှစ်တို၊ နှစ်ရှည် စီမံကိန်း (Master Plan) ရေးဆွဲပြီး စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်နယ်/တိုင်းဒေသကြီးများမှ နှစ်တို၊ နှစ်ရှည်စီမံကိန်း (Master Plan) အရ ဦးစားပေး ရေးဆွဲတင်ပြလာတဲ့ လုပ်ငန်းများအပေါ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှစိစစ်၍ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် မေးမြန်းလာတဲ့ တနင်္ဆည်မြို့နယ်၊ ရေဦး-တနင်္ဆည်-ကျွန်းလှ(မြို့ဟောင်း) လမ်းပေါ်မှာရှိတဲ့ စည်တိုးလုံးချောင်းကူး တံတားတည်ဆောက်ခြင်းကို ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်းမရှိတဲ့အတွက် လတ်တလောဆောင်ရွက် ပေးနိုင်ခြင်း မရှိပါကြောင်းနှင့် နှစ်အလိုက် ပြည်နယ်/တိုင်းဒေသကြီးများရဲ့ ဦးစားပေးလျာထားတင်ပြမှု အပေါ်မှာမူတည်ပြီး လျာထားတင်ပြဆောင်ရွက်ပေးသွားမှာဖြစ်တဲ့အကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိထားသော တောင်သူ လယ်သမားများအား အချိန်မီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်ဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး နှင့် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ မေးမြန်းလိုတာ ကတော့ တောင်သူလယ်သမားများ (ပုံစံ-၇) လက်ဝယ်ရှိပြီးတော့ ချေးငွေမရရှိတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး လို့ပဲ ဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးမှာ (ပုံစံ-၇)လည်း လက်ဝယ် မှာရှိတယ်။ လယ်ယာမြေမှတ်ပုံတင်ကတ်လည်းရှိလျက်နဲ့ တောင်သူလယ်သမားအချို့ဟာ စိုက်ပျိုး စရိတ်ချေးငွေမရရှိဘူးလို့ သိရပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့ လေ့လာစုံစမ်းကြည့်တဲ့အခါမှာ တိုင်းဒေသကြီး ဘဏ်မန်နေဂျာကနေပြီးတော့ ညွှန်ကြားချက်ထုတ်ထားတယ်။ ဒီနှစ်မှ ချေးငွေအသစ် လျှောက်တဲ့သူတွေကို (ပုံစံ-၇)ရှိပေမယ့်၊ ကွေးကျန်လည်းမရှိပေမယ့်လည်း ထုတ်ချေးမပေးဖို့ ညွှန်ကြားထားတယ်လို့ သိရပါတယ်။ ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တို့လွှတ်တော်မှာ လာပြီးတော့ ရှင်းပြတာရှိပါတယ်။ လယ်တစ်ဧကကို စိုက်ပျိုးစရိတ်ချေးငွေ ၁၅၀၀၀၀ ပေးမယ်။ ၁၀ ဧကအထိ

ပေးမယ်လို့ တိုင်းသိ၊ ပြည်သိ ရှင်းပြခဲ့တာရှိပါတယ်။ အဲဒီလိုရှင်းပြခဲ့စဉ်အခါတုန်းက အဟောင်းတွေ၊ အသစ်တွေမှ ချေးမယ်ဆိုတာမျိုးမပါရှိပါဘူး။ ဒီကိစ္စနှင့်ပတ်သက်လို့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ပုဒ်မ ၈ မှာ ဘယ်လိုဖော်ပြထားသလဲဆိုတော့ ဦးဆောင်အဖွဲ့သည် တောင်သူလယ်သမားများအား အောက်ပါအခွင့်အရေးများကို ရရှိစေရန် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမယ်လို့ ရေးထားပြီးတော့ ပုဒ်မခွဲ(ခ)မှာ သင့်တင့်သော စိုက်ပျိုးစရိတ်ချေးငွေများ ချေးယူခွင့်လို့ရေးထားပါတယ်။ ပုဒ်မ ၁၆ မှာကြတော့ ဦးဆောင်အဖွဲ့သည် ချေးငွေအကူအညီနဲ့ အထောက်အပံ့များကို အမှန်တကယ်ခံစားခွင့်ရှိတဲ့ တောင်သူလယ်သမားများလက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ပေးရမယ်လို့ ရေးထားပါတယ်။ အခု တိုင်းဒေသကြီး မန်နေဂျာရဲ့ အမိန့်ညွှန်ကြားချက်ဟာ ဥပဒေကိုကျော်လွန်နေတယ်လို့ယူဆပါတယ်။ နောက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ ညွှန်ကြားချက်ကိုလည်း လွန်ဆန်ရာကျပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ခုက ကျွန်တော်တို့ တောင်သူလယ်သမားအများစုဟာ ချေးငွေတွေပြန်ဆပ်ကြတာဟာ တကယ်တမ်းကျတော့ အဆင်ပြေလို့ဆပ်တာမဟုတ်ပါဘူး။ အတိုးကြီးနဲ့ ဘေးက လက်လှည့်ယူပြီးတော့ ပြန်ဆပ်ကြတာဖြစ်ပါတယ်။ အဲဒီပြန်ဆပ်လို့ ချေးငွေရတဲ့အခါကျမှ သူတို့က ပြန်ပြီးတော့ ဆပ်ရတာဖြစ်ပါတယ်။ အကြောင်းမညီညွတ်လို့ ပြန်ပြီးတော့ မြန်မြန်မထုတ်ပေးတဲ့အခါမှာ သူတို့မှာ အင်မတန်မှ အခက်အခဲတွေဖြစ်ကြပါတယ်။ နောက်ပြီးတော့ တချို့တောင်သူလယ်သမားတွေက (ပုံစံ-၇)ကို အပေါင်ပေးထားပြီးတော့ စိုက်ပျိုးရေးကိရိယာတွေကို၊ လယ်ယာသုံးကိရိယာတွေကို ဝယ်ယူထားတာ၊ အရစ်ကျဝယ်ယူထားတာရှိပါတယ်။ အဲဒီအခါကျတော့ သူတို့က အခုစစ်ဆေးတဲ့အခါမှာ (ပုံစံ-၇) မူရင်းမပြရင် ထုတ်ချေးမပေးပါဘူး။ အဲဒီအတွက်လည်း တောင်သူလယ်သမားတွေက အခက်အခဲအများကြီးဖြစ်တာတွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော် မေးမြန်းလိုတာကတော့ ပဲခူးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)ရရှိထားသော တောင်သူလယ်သမားတိုင်းအား အချိန်အခါမီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇) မိတ္တူအထောက်အထားဖြင့် စိုက်ပျိုးစရိတ်ချေးငွေများထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇)လက်ဝယ်ရှိပြီး ကြွေးကျန်လည်းမရှိ၊ ဝိုင်းလေးချုပ်တွင်လည်း မပါဝင်ဘဲ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ချိန်ခါမီမရှိခြင်းနှင့်စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ပဲခူးတိုင်းဒေသကြီးဟာ ယခင်နှစ် ၂၀၁၅ မိုးချေးငွေမှာ လယ်ယာမြေဧကစုစုပေါင်း ၂၁၃၈၂၄၁ ဧကအတွက် ချေးငွေကျပ်သန်းပေါင်း ၂၁၃၅၁၀.၄၂ သန်းကို ထုတ်ချေးပေးခဲ့ပါတယ်။ ယခင်နှစ်ချေးငွေနှုန်းထားဟာ စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်းနှင့် အခြားသီးနှံတစ်ဧက ကျပ်နှစ်သောင်းနှုန်း ဖြစ်ပါတယ်။ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ စပါးတစ်ဧက ကျပ် ၁၅၀၀၀၀ နှုန်းသို့ တိုးမြှင့်ထုတ်ချေးပေးရန် သတ်မှတ်ထားပါတယ်။ ယခင်နှစ်ချေးငွေဧက သင့်ငွေမှာ ကျပ် ၃၂၀၂၂၆.၄၂ သန်းဖြစ်သော်လည်းပဲ ယခုနှစ် မိုးချေးငွေအတွက် ပဲခူးတိုင်းဒေသကြီးအတွက် ခွင့်ပြုထားရန်ပုံငွေမှာ ကျပ်သန်းပေါင်း ၃၃၆၄၉၇.၂၇ ဖြစ်တဲ့အတွက် ယခင်နှစ်ကထက် ကျပ်သန်းပေါင်း ၁၆၂၇၀.၈၅ ပိုမိုခွင့်ပြုပေးထားပါတယ်။

ကိုယ်စားလှယ်ကြီးမေးထားတဲ့ (ပုံစံ-၇) အမည်ပေါက်လက်ဝယ်ရှိပြီး ကြွေးကျန်မရှိသူများဖြစ်ပါက ယခင်နှစ်ငွေမချေးသောလူသစ်များကိုလည်း ထုတ်ချေးပေးရေးနှင့်ပတ်သက်ပြီးတော့ စည်းကမ်းထုတ်ဝေမှုရှိခဲ့တယ်လို့ သိရတဲ့အခါမှာ ဝန်ကြီးဌာနအနေနဲ့ ထုတ်ပြန်ထားတဲ့စည်းကမ်းမဟုတ်တဲ့အတွက် ဒီသတ်မှတ်စည်းကမ်းချက်နှင့်အညီ (ပုံစံ-၇) အမည်ပေါက်လက်ဝယ်ရှိသူများကို ချေးငွေထုတ်ချေးပေးရန် ညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ ဘဏ်ချေးငွေညွှန်ကြားစာအရ ငွေချေးသည့်နေ့မှာ ငွေချေးယူသူဟာ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံလက်မှတ် (ပုံစံ-၇) မူရင်းကို ဘဏ်သို့ပြသနိုင်ရန်အတွက် ယူဆောင်လာရမှာလည်းဖြစ်ပါတယ်။ ဘဏ်ငွေချေးယူတဲ့သူဟာ တကယ်လို့ သမဝါယမဌာနမှ လယ်ယာသုံးစက်ကိရိယာတွေ ဝယ်ယူထားပြီးတစ်ခဲ့သူဖြစ်ပါက (ပုံစံ-၇)မူရင်းကို သမဝါယမဌာနမှာ အာမခံအဖြစ် တင်သွင်းထားတဲ့အတွက် ၎င်းအား ငွေထုတ်ပေးခြင်းကို မြို့နယ်သမဝါယမဦးစီးအရာရှိရဲ့ ထောက်ခံချက်နဲ့ (ပုံစံ-၇)မိတ္တူဖြင့်လည်းပဲ စိုက်ပျိုးစရိတ်ချေးငွေကို ထုတ်ချေးပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်ဦး(သနပ်ပင်ဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါ။ ပြည်ထောင်စုဝန်ကြီးကနေပြီးတော့ သေချာရှင်းပြသွားတယ်။ အထောက်အထားရှိတယ်။ ထောက်ခံချက်နှင့်ဆိုရင် ထုတ်ချေးပေးမယ်လို့ပြောတဲ့အတွက်လည်း အင်မတန်မှ ကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီမေးခွန်းကို မမေးခင်မှာ ကျွန်တော် စိုက်/ဘဏ်ကို လှမ်းပြီးတော့ ဖုန်းဆက်ပါတယ်။ လယ်သမားတွေဆီကိုလည်း ခင်ဗျားတို့ ချေးငွေတွေရပြီလားလို့ ဖုန်းဆက်ပါတယ်။ အဲဒီတော့ စိုက်/ဘဏ်မန်နေဂျာက။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော် ပြောပါ့မယ်။ မေးခွန်းသည် နည်းဥပဒေအရ ဆက်စပ်မေးခွန်းပဲ မေးလို့ရတယ်။ ထပ်ဆင့်မေးခွန်းမေးလို့မရပါဘူး။ ပထမမေးခွန်းနှင့်ဆက်စပ်တဲ့မေးခွန်းပဲ မေးခွင့်ရှိမယ်။ ထပ်ဆင့်မေးခွန်းမေးခွင့်မရှိဘူး။ အဲဒါ အားလုံး သိထားဖို့။

**ဦးမြင့်ဦး(သနပ်ပင်ဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျ။ ကျွန်တော် မေးကြည့်တဲ့အခါမှာ ညွှန်ကြားတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ၅၀ ရာခိုင်နှုန်းပဲ ချေးနိုင်ပါ့မယ်လို့ ပြန်ပြောပါတယ်ခင်ဗျ။ အဲဒီတော့ ကျွန်တော်က အပြည့်အဝချေးပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ငွေကြေးအနေနဲ့ကတော့ ကျွန်တော်တို့ အပြည့်အဝချေးပေးဖို့ရာ စီစဉ်ဆောင်ရွက်ထားတာဖြစ်တဲ့အတွက် မရရှိသေးတဲ့သူများကို အပြည့်အဝချေးပေးနိုင်မှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**မင်းကင်းမြို့ပတ်လမ်း ၅ မိုင်ခန့်နှင့် တံတားသုံးစင်း၊ စက်ရေတွင်းချောက်တွင်းတို့ကို စည်ပင်သာယာလမ်း၊ စည်ပင်သာယာပိုင်အဖြစ် လွှဲပြောင်းရယူနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး မင်္ဂလာပါ

ခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့် ဖြစ်ပါတယ်။ မင်းကင်းမြို့နဲ့ပတ်သက်ပြီးတော့မှ မေးခွန်းတစ်ခုမေးမြန်းထားပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်လည်း တင်ပြအပ်ပါတယ်။ မင်းကင်းကတော့ အိမ်ခြေလည်းနည်းပါတယ်။ သို့သော်လည်း ချင်းတွင်းမြစ်ရေတက်ပြီဆိုတာနဲ့ အိမ်ခြေ ၂၀၀၊ ၃၀၀ လောက်ကတော့ ရေဘေးဒုက္ခကို ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့အိမ်တွေဟာ မြေနိမ့်ပိုင်းမှာရှိတဲ့အတွက်ဖြစ်ပါတယ်။ ဒီဒုက္ခတွေကို ရေရှည်မှာကင်းဝေးနိုင်ဖို့အတွက် မြေမြင့်ပိုင်းနေရာတွေကို မြို့ပတ်လမ်းဖောက်လုပ်ခြင်း၊ ၁၀ ဧကခန့် မြို့ကွက်သစ်နေရာရှာဖွေခြင်းများ ကျွန်တော်တို့ အစီအစဉ်နဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တဲ့နေရာတွေမှာ လမ်းတွေ၊ တံတားတွေအပြင် ရေဘေးဒုက္ခခံရတဲ့သူတွေရော၊ မြို့နေလူထုပါ သောက်သုံးရေရရှိရေးအတွက် ရေတွင်းခြောက်တွင်းကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ရေတွင်းဆိုတာကတော့ စက်ရေတွင်းဖြစ်ပြီးတော့မှ မော်တာတွေ၊ ပန့်တွေ၊ ရေကန်တွေနဲ့ပါ ကျွန်တော်တို့က ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ ဒီဟာတွေကို နိုင်ငံတော်ရဲ့ဘတ်ဂျက်အခက်အခဲကို သိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကိုယ်ထူကိုယ်ထဆောင်ရွက်ပေးခဲ့တယ်ဆိုပေမယ့်လည်း ရေရှည်မှာ ကြံ့ခိုင်ထိန်းသိမ်းနိုင်ဖို့အတွက်ကတော့ဖြင့် ဝန်ကြီးဌာနတစ်ခုက တာဝန်ယူဆောင်ရွက်မှသာလျှင် အဆင်ပြေမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့မေးခွန်းကတော့ဖြင့် ဆောင်ရွက်ခဲ့တဲ့လမ်းတွေ၊ တံတားတွေ၊ စက်ရေတွင်းတွေကို စည်ပင်သာယာနယ်နိမိတ်အတွင်းမှာပဲရှိလို့ စည်ပင်သာယာက လွှဲပြောင်းရယူနိုင်ခြင်းရှိ/မရှိဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားမှာဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ မင်းကင်းမြို့ပတ်လမ်း ငါးမိုင်ခန့်နှင့် တံတားသုံးစင်း၊ စက်ရေတွင်း ခြောက်တွင်းတို့ကို

စည်ပင်သာယာလမ်း၊ စည်ပင်သာယာပိုင်အဖြစ် လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်က မင်းကင်းမြို့နယ် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာရှိတဲ့ မင်းကင်းမြို့ပတ်လမ်း ငါးမိုင်ခန့်နှင့် တံတားသုံးစင်း၊ စက်ရေတွင်းချောက်တွင်းတို့ကို လက်ရှိပကတိအခြေအနေအတိုင်း စည်ပင်သာယာရေးအဖွဲ့ပိုင်အဖြစ် စနစ်တကျလွှဲပြောင်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြန်လည်ဖြေကြားထားကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု၊ စိုက်ပျိုးရေး ကျေးရွာပိုင်မြေနေရာကို ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးရွာအား ကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ပတ်သက်၍ မေးခွန်းမေးမှာဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေးကျေးရွာဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေဖြစ်ပြီး နေထိုင်သူအများစုဟာ အစိုးရပိုင် စိုက်ခြံအလုပ်သမားများဖြစ်ပါတယ်။ ကျေးရွာအတွင်းနေထိုင်ကြသူများမှာ မူလက စိုက်ခြံတွင်သာ လုပ်ကိုင်ကြသော်လည်း ယခုအခါမှာ လူဦးရေတိုးပွားလာသောကြောင့် ပြင်ပအလုပ်အကိုင်များကိုလည်း ထွက်လုပ်ကိုင်နေရပါတယ်။ စိုက်ပျိုးရေးကျေးရွာမှာ အိမ်ခြေ ၂၁၉ အိမ်ရှိပြီး လူဦးရေ ၁၃၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ ၎င်းကျေးရွာဟာပြည်ထဲရေးဝန်ကြီးဌာနမှ အမည်ပေါက်ခွင့်ပြုမိန့်ရရှိပြီးလည်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ စိုက်ပျိုးရေးကျေးရွာမှလူများ တိုးပွားလာသဖြင့် အိုးအိမ်များ တိုးချဲ့ဆောက်လုပ်ရန် လိုအပ်နေပါတယ်။ ကျေးရွာပိုင်မြေနေရာမဟုတ်သည့်အတွက် အိုးအိမ်သစ်များဆောက်လုပ်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်း၊ ဘာသာရေးအဆောက်အအုံများဆောက်လုပ်ခြင်း၊ ကျေးရွာပိုင် လျှပ်စစ်ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် အခက်အခဲများ ဖြစ်နေပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ လှိုင်းတက်ကျေးရွာအုပ်စု၊ စိုက်ပျိုးရေးကျေးရွာပိုင်မြေနေရာကို လက်ရှိနေထိုင်သော ဧက ၃၀ နှင့် တိုးချဲ့မြေ ၁၅ ဧက စုစုပေါင်း ၄၅ ဧကအား ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေအဖြစ်သို့ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်သူ(ပြည်ထောင်စုဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးရဲ့ သာစည်မြို့နယ်၊ လှိုင်းတက်ကျေးရွာအုပ်စု စိုက်ပျိုးရေး ကျေးရွာပိုင်မြေနေရာကို လက်ရှိနေထိုင်သော ဧက ၃၀ နှင့် တိုးချဲ့မြေ ၁၅ ဧက စုစုပေါင်း ၄၅ ဧကကို ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်ပြီး ကျေးရွာပိုင်မြေနေရာအဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ သမိုင်းကြောင်းကို ပြောရမယ်ဆိုရင် မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် လှိုင်းတက်ဗဟိုစိုက်ပျိုး ရေးခြံကို မြေယာစီးပွားတိုးတက်ရေး ကော်ပိုရေးရှင်းမှ ချည်မျှင်ရှည်ဝါသုတေသနပြုလုပ်ရန်နှင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ပေးရန် အတွက် ၁၉၅၇ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၄ ခုနှစ်မှာ လှိုင်းတက်ခြံ (၁)၊ လှိုင်းတက်ခြံ(၂)၊ ဓမ္မာခြံ၊ ဝါနှင့် ပိုးချည်ခြံနှင့် ရေအစက် ချခြံဆိုပြီး ခြံငါးခြံခွဲဝေ သတ်မှတ်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့မြေမှာ လှိုင်းတက် ဥယျာဉ်ခြံ(၂)အတွင်းမှာ ပါရှိတဲ့ ဥယျာဉ်ခြံမြေအဖြစ်နဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနမှ မြေယာလုပ်ပိုင်ခွင့်ရရှိထားတဲ့မြေယာဖြစ်ပြီး မိတ္ထီလာခရိုင်၊ သာစည် မြို့နယ်ရဲ့အရှေ့ဘက် ၁၁ မိုင်အကွာ မိတ္ထီလာ-တောင်ကြီးကားလမ်းဘေး မိုင်တိုင်အမှတ် ၂၂ ၏အရှေ့ ဘက်မှ တည်ရှိပါတယ်။ ခြံ၏မြေဧရိယာမှာ ၄၉၀.၂၀ ဧက ကျယ်ဝန်းပါတယ်။ ခြံဧရိယာ ၄၉၀.၂၀ ဧက ရှိတဲ့အနက်မှ ဌာနပိုင်မြေမှာ ၂၃၈.၁၂ ဧကဖြစ်ပြီး သစ်တောမြေက ၂၅၂.၀၈ ဧက ဖြစ်ပါတယ်။ မြေအသုံးချမှုအခြေအနေကို တင်ပြရမယ်ဆိုရင် နှစ်ရှည်သီးနှံ ၇၅ ဧက၊ ရာသီသီးနှံ ၁၀၀.၁၂ ဧက၊ အခြား အသုံးပြုမြေအဆောက်အအုံ၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ချောင်းက ၆၃ ဧက၊ သစ်တောမြေ ၂၅၂.၀၈

ဧက တို့ဖြစ်ပါတယ်။ လှိုင်းတက်ခြံထဲမှာနေထိုင်သူအများစုဟာ အစိုးရပိုင်လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို စိုက်ပျိုးရေးခြံမှာ အလုပ်လုပ်ကိုင်နေကြတဲ့ လုပ်သားများဖြစ်ပြီး မူလက စိုက်ခြံများတွင်သာ နေ့စားရာသီချိန်လုပ်သားများအဖြစ်နဲ့ လုပ်ကိုင်ကြသော်လည်းပဲ ယခုအခါမှာ ခြံပြင်ပမှာလည်းပဲ အလုပ်လုပ်ကိုင်နေကြပါတယ်။ ခြံအတွင်းအလုပ်လုပ်နေတဲ့ အလုပ်သမားများ နေထိုင်ရေးအဆင်ပြေစေရန် အလုပ်သမားတဲများ၊ ယာယီတဲများ၊ ဆောက်လုပ်နေထိုင်ခွင့်ပေးထားတဲ့နေရာမှာ ရွာအသွင် ဖြစ်ပေါ်လာပြီး ယခုအခါ လူဦးရေတိုးပွားလာတဲ့အတွက် အိမ်ခြေပေါင်း ၂၁၉ အိမ်နှင့် လူဦးရေ ၁၃၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိကြပါတယ်။ ဌာနပိုင် ရေနှင့်မီးကိုလည်း ရယူသုံးစွဲလျက်ရှိပါတယ်။ ယခုအခါ အဆိုပါလုပ်သားများမှ ရွာမြေအဖြစ် သတ်မှတ်ပေးရန် တင်ပြလာခြင်းဖြစ်ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ရွာမြေအဖြစ် ပြောင်းလဲရန်အတွက် လိုအပ်ချက်များကို တင်ပြလိုပါတယ်။ ရွာမြေအဖြစ်ကို ပြောင်းလဲဖို့ရာအတွက် အောက်ပါအတိုင်း စီမံဆောင်ရွက်ရန်လိုပါတယ်။ အဆိုပါနေထိုင်သူများအနေနဲ့ နေထိုင်နိုင်ရေး ရွာတည်ဆောက်ပေးရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနပိုင် လှိုင်းတက်စိုက်ပျိုး ရေးခြံမှ မြေအချို့နှင့် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ညွှန်ကြားချက်ပါ စွန့်လွှတ်မြေများပြန်လည်အပ်နှံခြင်းပုံစံများကိုဖြည့်စွက်ပြီး နိုင်ငံတော်သို့ ပြန်လည်အပ်နှံပေးရမှာဖြစ်ပါတယ်။ ဌာနမှ အထက်ပါအတိုင်းစွန့်လွှတ်လိုက်တဲ့အခါကျမှသာလျှင် စိုက်ပျိုးမြေဖြစ်နေသေးသည့်အတွက် ပြည်ထဲရေးဝန်ကြီးဌာနမှ အဆိုပါမြေအား ရွာတည်ထောင်ရန်အလို့ငှာ သက်ဆိုင်ရာမြို့နယ်/ခရိုင် တိုင်းဒေသကြီးလယ်မြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြဆောင်ရွက်ပေးရမည်ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ကတော့ ဒီလိုဆောင်ရွက်ပြီးတဲ့နောက်မှသာ ပြည်ထဲရေးဝန်ကြီးဌာနမှ ရွာတည်ထောင်ရန်အတွက် မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့်ကျေးရွာရှိ မြေယာလက်စွဲဥပဒေများနှင့်အညီ ကျေးရွာဖွဲ့စည်းခြင်းကိစ္စကို ဆောင်ရွက်ရမှာလည်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်တာနှင့် တစ်ပြိုင်နက်တည်း မြေတိုင်းတာခြင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော် နယ်သတ်လက်စွဲဥပဒေနှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ နယ်သတ်ဝန်နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ နယ်ခြားဝန်ခန့်အပ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အဆိုပါ ညှိနှိုင်းချက်ရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ညှိနှိုင်းပြီး

နယ်နိမိတ်သတ်မှတ်ရေးအရာရှိ နယ်သတ်ဝန်နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ နယ်ကြားဝန်တို့ကို ခန့်အပ်ပေးရမှာလည်း ဖြစ်ပါတယ်။ အထက်ဖော်ပြပါအစီအစဉ်အတိုင်း ခန့်အပ်ပေးခဲ့တဲ့နေရာမှာ နယ်နိမိတ်သတ်မှတ်ရေးအရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိတို့ဟာ ၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံ အောက်ပိုင်း မြို့နှင့်ကျေးရွာမှာရှိတဲ့ မြေယာလက်စွဲဥပဒေရဲ့နောက်ဆက်တွဲ(၂)တို့မှာ သတ်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါလုပ်ငန်းအဆင့်ဆင့်ကိုလည်း စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ (၁)ကတော့ မဏ္ဍာမနယ်နိမိတ်သတ်မှတ်ခြင်းနှင့် မြေတိုင်းတာခြင်း၊ (၂) ပိုင်ဆိုင်ခွင့် စုံစမ်းခြင်းနှင့် နောက်ဆုံးနယ်နိမိတ်သတ်မှတ်ခြင်း၊ (၃)ကတော့ မြေပြင်တိုင်းတာခြင်း၊ (၄) ပိုင်ဆိုင်မှု စာရင်းများပြုစုခြင်း၊ မြေတိုင်းအကွက် Block အလိုက်၊ မြေတစ်ကွက်ချင်း၊ မြေကွက်အလိုက်၊ သတ်မှတ်ပုံစံများနှင့် ပိုင်ဆိုင်ခွင့်စုံစမ်းမှု (Tenure Enquiry) ပြုလုပ်ပြီး၊ ဦးပိုင်ခွဲခြင်း၊ ရွာမြေစာရင်း ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အထက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ဖို့ရန် အတွက် လိုအပ်တဲ့ဘဏ္ဍာငွေကြေးများကိုလည်းပဲ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တို့နှင့်ညှိနှိုင်း၍ သက်ဆိုင်ရာငွေစာရင်းခေါင်းစဉ်များမှ ကျခံသုံးစွဲရမှာဖြစ်ပြီး သတ်မှတ်လျာထားချက် မှာ ပါဝင်ခြင်းမရှိပါက အနီးဆုံးဘဏ္ဍာရေးနှစ်ရဲ့ ရန်ပုံငွေခွင့်ပြုချိန်မှာ ထည့်သွင်းလျာထားတောင်းခံ ရမှာ ဖြစ်ပါတယ်။

ရွာမြေအဖြစ် သတ်မှတ်နေရာချထားဆောင်ရွက်ပြီးပါကလည်း မြန်မာနိုင်ငံတော်အောက်ပိုင်း မြို့နှင့်ကျေးရွာများမှာရှိတဲ့ မြေယာလက်စွဲဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ မြေကွက်အသီးသီးအတွက် သတ်မှတ်သည့်ငှားရမ်းခကို ထမ်းဆောင်ရန်ကိစ္စကို သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအချက်ကတော့ ဒီကျေးရွာမြေအဖြစ်နဲ့သတ်မှတ်နိုင်ရန် အတွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်ပါတယ်။ လက်ရှိအခြေအနေကို ဆက်လက်တင်ပြလို ပါတယ်။ လက်ရှိအခြေအနေမှာ လှိုင်းတက်ခြံတွင်းမှာ ပဲတီစိမ်း၊ နေကြာ၊ ငရုတ်၊ ရုံးပတီ၊ ခရမ်း၊ ကြက်ဟင်းခါး၊ ခရမ်းချဉ်၊ တိုင်ထောင်ပဲနှင့် တိုင်လွတ်ပဲသီးနှံများ မျိုးစေ့ထုတ်လုပ် ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ အောက်မြန်မာပြည်အတွက် လှည်းကူးမြို့နယ်မှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာနမှ ဟင်းသီးဟင်းရွက်မျိုးစေ့များ ထုတ်လုပ်ပေးလျက် ရှိသကဲ့သို့ လှိုင်းတက်ခြံကိုလည်းပဲ အထက်မြန်မာပြည်ရဲ့ ဟင်းသီးဟင်းရွက်မျိုးစေ့ ထုတ်ထုပ်ခြင်းနှင့် သုတေသနဗဟိုဌာနအဖြစ် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်းလည်း တင်ပြလိုပါတယ်။

**မူကြမ်း**

ဝန်ကြီးဌာနအနေဖြင့်လည်း နိုင်ငံတော်မှချမှတ်ပေးတဲ့ မူဝါဒများနှင့်အညီ တောင်သူပညာပေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်း များကို ဆောင်ရွက်ရန်တာဝန်ရှိသကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြလာတဲ့ ကျေးရွာ တည်ထောင်ခြင်းကိုလည်း ဆောင်ရွက်ပေးလိုပါတယ်။ ယခုတင်ပြသည့်ကိစ္စနှင့်စပ်လျဉ်းပြီး ဆက်လက် တင်ပြရရင် မြေယာများရဲ့ ပင်ရင်းပိုင်ရှင်ဟာ နိုင်ငံတော်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တင်ပြ လာတဲ့ ဝန်ကြီးဌာနပိုင်မြေအဖြစ်မှ စွန့်လွှတ်နိုင်ခြင်းရှိ/မရှိကိစ္စနှင့်ပတ်သက်၍ (က) လက်ရှိမြေနေရာ ဟာ ဝန်ကြီးဌာနပိုင်မြေနေရာဖြစ်ခြင်း၊ (ခ) ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးတစ်ခုလုံးအတွက် ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးစေ့များထုတ်လုပ်ပေးရန်နှင့် စိုက်ပျိုးနည်းပညာများ သုတေသန ပြုလုပ်ရန် ရည်မှန်းထားတဲ့နေရာဖြစ်ခြင်း၊(ဂ) ရွာတည်ရှိတဲ့နေရာဟာ ဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် ဧရိယာ၏ အလယ်ဗဟိုတည့်တည့်နေရာမှာ တည်ရှိခြင်းကြောင့် နောင် ဆောင်ရွက်မည့်ဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များမှာ အခက်အခဲကြုံတွေ့နိုင်ခြင်းတွေ ရှိပါတယ်။

သို့သော်လည်းပဲ တဖက်ကနေပြန်လည်စဉ်းစားကြည့်တဲ့အခါမှာ ယင်းနေရာမှာ လက်ရှိနေထိုင် သူများဟာ လက်ရှိစိုက်ပျိုးရေးခြံလုပ်သားများနှင့် ခြံလုပ်သားဟောင်းများသာဖြစ်ပြီး လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ၁၉၅၇ ခုနှစ်ကပင် ခြံတွင်းလှည့်လည်နေထိုင်ခဲ့သူများဖြစ်ခြင်း၊ ယခုအချိန်ကာလမှာ လူဦးရေ ၁၃၀၀ ကျော်နေထိုင်လျက်ရှိခြင်း၊ ကျေးလက်နေပြည်သူတို့ရဲ့ လူမှုဘဝမြှင့်တင်ရေး ဟာနိုင်ငံတော်ရဲ့ မျှော်မှန်းချက်တစ်ခုဖြစ်သလို လက်ရှိမြှင့်တင်ရန် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိ ခြင်းတို့ကိုလည်း ထည့်သွင်းစဉ်းစားရမယ့်အချက်များအဖြစ်နဲ့ စဉ်းစားအပ်ပါတယ်။ သို့ရာတွင် ဝန်ကြီး ဌာနပိုင်မြေများ သို့မဟုတ် မိမိမပိုင်ဆိုင်တဲ့မြေနေရာများကို ဝင်ရောက်နေထိုင်တဲ့အလေ့အထထက် ကောင်းမွန်သောအလေ့အထများရရှိစေသည့် အသွင်လက္ခဏာများ တိုးပွားမြှင့်တင်ရေးဟာ နိုင်ငံရဲ့ ပုံရိပ်၊ လူမျိုးရဲ့ပုံရိပ်ကိုမြှင့်တင်ပေးနိုင်မှာဖြစ်ပြီး မိမိရဲ့လူမျိုးအတွက် အရေးကြီးသလို နိုင်ငံရဲ့ ဂုဏ်သိက္ခာလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တင်ပြတဲ့မြေနေရာကို ယခုအချိန်မှာ စွန့်လွှတ် ခြင်းမပြုနိုင်သော်လည်း လာမည့်ကာလများအတွင်းမှာ နိုင်ငံတော်တစ်ခုလုံးအတွက် ခြုံငုံသုံးသပ် စဉ်းစားပြီး သင့်လျော်သည့်မူဝါဒများချမှတ်နိုင်ရေးဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းမူဝါဒများကို ချမှတ်

ဆောင်ရွက်ပြီးပါက လက်ရှိနေထိုင်သူများအတွက် သင့်လျော်သည့် အခြေအနေကောင်းတစ်ရပ်ကို ဖန်တီးပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရသေ့တောင်မြို့နယ်၊ အောင်ဗလကျေးရွာချောင်းကို ဆည်တမံပိတ်၍ အနီးအနားရှိကျေးရွာများအား ရေချိုဖြန့်ဝေပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါရှင်။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၏ အနောက်ဘက်အစွန်ဆုံးမြို့နယ်တစ်ခုဖြစ်တဲ့ ကျွန်မ၏မဲဆန္ဒနယ် ရသေ့တောင်မြို့နယ်မှာ ၂၂ မိုင်ခန့်ရှည်လျားတဲ့ ပင်လယ်ကမ်းခြေတစ်ခုပါဝင်နေပါတယ်။ ယင်းဒေသ၏မြောက်ဘက်ဟာ လူဦးရေထူထပ်သော မောင်တောမြို့နယ်ဖြစ်ပြီးတော့ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်ဖြစ်ပါတယ်။ ၎င်းပင်လယ်ကမ်းခြေတစ်လျှောက်မှာ ရခိုင်တိုင်းရင်းသားကျေးရွာရှစ်ရွာရှိပါတယ်။ ဘို့တန်ကောက်၊ ချင်းခါးလင်း၊ ဒွန်းပိုက်၊ အောင်ဗလ၊ ဆင်ပိုက်၊ ပေါက်တောပြင်၊ သာစည်ကုန်း၊ ကုန်းတန်းရွာတို့ဖြစ်ပါတယ်။ ၎င်းရွာများဟာ မြောက်ဘက်မှာရှိတဲ့ ဘင်္ဂါလီများ၏ လူဦးရေများပြားခြင်းတို့ကြောင့် စီးပွားရေးပိတ်ဆို့မှုဒဏ်ကိုခံရခြင်း၊ ပင်လယ်ပြင်မှာ ငါးဖမ်းထွက်ရန်လုံခြုံမှုမရှိခြင်း၊ တစ်ဖက်နိုင်ငံမှဘင်္ဂါလီများဝင်ရောက်ပြီးတော့ ကျွဲ၊ နွားများခိုးယူခြင်း၊ စစ်တွေမြို့နဲ့ဆက်သွယ်သွားလာရာတွင် တစ်နာရီကျော်ကြာ ပင်လယ်ဝကိုဖြတ်သန်းရခြင်းတို့ကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေတဲ့နေရာဖြစ်ပါတယ်။ ၎င်းကျေးရွာနေရွာသားများမှာ ဆင်းရဲနွမ်းပါးကြတဲ့အတွက် ထိုင်းနယ်စပ်များသို့သွားရောက်ပြီး ဝမ်းစာရေးအတွက် အလုပ်လုပ်နေကြရပါတယ်။ ၎င်းကျေးရွာများ၏အားသာချက်မှာတော့ ပင်လယ်ကမ်းခြေရှိခြင်း၊ မြေဩဇာကောင်းပြီး မြေပဲ၊ ငရုတ်များစိုက်ပျိုးပါက အထွက်နှုန်းကောင်းခြင်း၊ အင္ဂုငေါ်- မောင်တော- ကျောက်ဖြူကားလမ်းပေါ်မှာ တည်ရှိခြင်းတို့ဖြစ်ပါတယ်။ အားနည်းချက်ကတော့ ရေချိုရှားပါးခြင်းဖြစ်ပါတယ်ရှင်။ မေယုတောင်တန်း ဆင်ခြေလျှောကုန်းမြင့်ပေါ်မှာ တည်ရှိတဲ့အတွက်ကြောင့် နွေရာသီရောက်လို့ရှိရင် ရေကို အလွန်ဝေးကွာတဲ့နေရာမှာ ရေခပ်ယူရပြီး ပင်ပန်းစွာဖြင့်ခပ်ယူရတဲ့အတွက် ချွေတာသုံးစွဲကြရပါတယ်။ ၎င်းရေရှားပါးမှုဟာ မေယုတောင်တန်းမှ တောင်ကျချောင်းကိုပိတ်ဆို့ပြီး ဆည်တမံများပြုလုပ်ပေးခြင်းဖြင့် ဖြေရှင်းပေးနိုင်ကြောင်း တွေ့ရှိရပါတယ်။ ဆည်တမံများ တည်ဆောက်ပေးခြင်းအားဖြင့် သောက်သုံးရေရရှိလာခြင်း၊ နွေစပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန်အတွက် အလွန်အကျိုးရှိလာမှာဖြစ်ပါ

တယ်။ ထို့အပြင် ၎င်းဒေသများမှာ မိုးရေချိန်လက်မ ၂၀၀ နီးပါးရှိပြီးတော့ ရေအရင်းအမြစ်ကြွယ်ဝတဲ့ အတွက် အသေးစား လေအားလျှပ်စစ်ကိုပင် ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဆည်ရေရရှိပါလျှင် ဒေသ အတွင်းမှာ လယ်ဧကတစ်ထောင်ခန့်နှင့် ပင်လယ်ကမ်းနားသဲမြေများမှာလည်း တစ်နှစ်ပတ်လုံးစိုက်ပျိုး နိုင်တဲ့မြေတွေ ဖြစ်လာကြပါမယ်။ ၎င်းကျေးရွာရှစ်ရွာများအနက် အလယ်ဗဟို၌ရှိသော အောင်ဗလ ကျေးရွာချောင်းသည် ဆည်တမံတည်ဆောက်ရန် အထူးကောင်းမွန်သင့်တော်ကြောင်းကိုလည်း တွေ့ရှိ ရပါတယ်။ တမံပိတ်ရမည့်အောင်ဗလချောင်းသည် တောင်နှစ်လုံးကြားမှာရှိပြီးတော့ ပေ ၅၀ ခန့်သာ ကျယ်ပါတယ်။ ဆည်တမံဖြစ်ပါက မေယုတောင်တန်းအရှေ့ဘက်ကျေးရွာများကို သောက်သုံးရေနှင့် စိုက်ပျိုးရေလုပ်ရန်အတွက် ရေများကို တစ်နှစ်ပတ်လုံးပေးဝေနိုင်မည်ဖြစ်တဲ့အတွက် ရသေ့တောင် မြို့နယ်၊ အောင်ဗလကျေးရွာချောင်းကို ဆည်တမံပိတ်၍ အနီးအနားရှိကျေးရွာများအား ရေချိုဖြန့်ဝေ ပေးရန် အစီအစဉ်ရှိ/မရှိကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေရဲ့ ကြယ်ပွင့် ပြမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် အောင်ဗလကျေးရွာချောင်းကို ဆည်တမံပိတ်၍ အနီးအနားမှာရှိတဲ့ ကျေးရွာများကို ရေချိုဖြန့်ဝေပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအပေါ် မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ အောင်ဗလကျေးရွာနှင့် အနီးအနားမှာရှိတဲ့ ကျေးရွာများ သောက်သုံးရေ ချိုရရှိရေးအတွက် ရေလှောင်တမံတည်ဆောက်ပေးရန် အဆိုပြုထားတဲ့ နေရာမှာ ရသေ့တောင်မြို့နယ်၊ အောင်ဗလကျေးရွာရဲ့အရှေ့ဘက် ပေ ၁၀၀၀ ခန့်အကွာ အောင်ဗလချောင်း ပေါ်မှာဖြစ်ပါတယ်။ အဆိုပါချောင်းမှာ မေယုတောင်တန်းရဲ့ အနောက်ဘက် အခြမ်းမှ မြစ်ဖျားခံစီးဆင်း လာတဲ့တောင်ကျချောင်းတစ်ခုဖြစ်ပြီး ဘင်္ဂလားပင်လယ် အော်အတွင်းသို့ စီးဝင်လျက်ရှိပါတယ်။ ရခိုင် ပြည်နယ်ဟာ ပုံမှန်အားဖြင့်ပင် မိုးရေချိန်လက်မ ၂၀၀ ကျော်ရွာသွန်းပြီး

ဘင်္ဂလားပင်လယ်အော်မှ မုန်တိုင်းများကြောင့်လည်း ထူးကဲမိုးရေချိန်များဖြင့် ရွာသွန်းလေ့ရှိသောဒေသဖြစ်တဲ့အတွက် ရေလှောင်တမံတည်ဆောက်နိုင်ရန်အတွက် လိုအပ်ချက်များအဖြစ် ဇလဗေဒဆိုင်ရာ စူးစမ်းလေ့လာမှုများကို ဦးစွာဆောင်ရွက်ရမှာဖြစ်တဲ့အပြင် အခြားလိုအပ်တဲ့ မြေပြင်တိုင်းတာခြင်း၊ ဘူမိဗေဒဆိုင်ရာ စူးစမ်းလေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝ ထိခိုက်နိုင်မှုရှိ/မရှိ ဆန်းစစ်လေ့လာ ခြင်းစသည်တို့ကို အချိန်ယူ၍လုပ်ဆောင်ရမည်ဖြစ်တယ်လို့ ပြန်ကြားထားပါတယ်။ သို့ဖြစ်တဲ့အတွက် စူးစမ်းလေ့လာမှုများဆောင်ရွက်ပြီးတဲ့နောက်မှာ စီမံကိန်းဆောင်ရွက်ရန် ဖြစ်မြောက်နိုင်စွမ်းရှိသည့် အမှန်တကယ် အကျိုးဖြစ်ထွန်းမှုရှိပါက ဒီဇိုင်းပုံစံပြုလုပ်ပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်ကာ လိုအပ် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှု အပေါ်မှာ အခြေခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်တဲ့ အကြောင်း ရခိုင်ပြည်နယ်အစိုးရ၏ ဖြေကြားချက်နှင့်အတူ

ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**

မှူကြမ်း